ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့ (27-6-2010) (၆၄၄၂)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့်အခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် လှော်ကားရှိ နယ်မြေခံ ရဲတပ်ရင်းကွင်းပြင်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်းအနောက်ပိုင်းက သာယာလှပသည့် ပြည်မြို့

သတင်းဆောင်းပါး-ကိုတင်လှိုင်(မိတ္ထီလာ)

ဓာတ်ပုံ-ကိုသန့်စင်

အဆင်အပြင်-ကျော်စွာလင်း

ပြည်မြို့သည် ပဲခူးတိုင်းအနောက်ပိုင်း၏ တိုင်းမြို့ဖြစ်ပြီး ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိကာ နဝဒေးတံတား၊ မင်းကြီးတောင်တို့ဖြင့် အလွန်သာယာလှပသော မြို့ကြီးဖြစ်သည်။ ပြည်မြို့တွင် ရေလမ်း၊ မီးရထားလမ်း၊ မော်တော်ကားလမ်းတို့ဖြင့် မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်များသို့ ဆက်သွယ်သွားလာနိုင်သည်။ ကုန်စည်ကူးသန်းရောင်းဝယ်နိုင်သည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လှသဖြင့် ပြည်မြို့သည် အထူးစည်ကားလှသည်။ ပြည်မြို့သည် အကျယ်အဝန်း ၆ ဒသမ ၆ စတုရန်းမိုင် ကျယ်ဝန်းပြီး မြို့ပေါ် ၁၀ ရပ်ကွက်ရှိ၍ အိမ်ခြေ ၂၀၂၁၃၊ လူဦးရေ ၂၁၇၂၁၃ ဦးရှိသည်။ ကျေးရွာအုပ်စု ၅၅ အုပ်စုရှိ၍ ကျေးရွာပေါင်း ၂၆၀ ရှိကာ အိမ်ခြေ ၂၅၅၉၁ ရှိပြီး လူဦးရေ ၁၀၄၇၉၂ ဦးရှိသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

မြို့နယ်ခန်းမဝင်းအတွင်းမှ အရိပ်ရပင်များ

ပြည်မြို့ မြို့နယ်ခန်းမဝင်းအတွင်း အရိပ်ရပင်များ စနစ်တကျ ပုံသွင်းပြုပြင်ထားရှိသည်ကို ဤသို့တွေ့မြင်ရသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၂၇-၆-၂၀၁၀
(တနင်္ဂနွေနေ့)

ကျွဲ၊ နွားများ ခွာနာလျှာနာဖြစ်မှု သတိပြု

နိုင်ငံအတွင်း ရေမြေရာသီဥတု သဘာဝအခြေခံကောင်းများရှိသဖြင့် သီးနှံစုံ စိုက်ပျိုးဖြစ်ထွန်းနေသည်။ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အစဉ်တစိုက် လုပ်ကိုင်လာခဲ့ကြသည်။ ယခင်က စပါးကို မိုးရာသီတွင် တစ်ကြိမ်သာ စိုက်ပျိုးခဲ့ကြသည်။ ယခုအခါ နွေစပါး အပြင် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုး၊ ချည်မျှင်ရှည်ဝါ၊ ပြောင်းနှင့် ကြံတို့ကိုလည်း စိုက်ပျိုးနေကြသည်။

ခေတ်မီနည်းပညာများ အသုံးပြုစိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်သီးနှံများ ရွေးချယ်အသုံးပြုခြင်းတို့ကြောင့် ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံပြီး ပြည်ပဈေးကွက်သို့ပင် တင်ပို့နိုင်လျက်ရှိသည်။ မိုးရာသီ စိုက်ပျိုးရာသီချိန်သို့ ရောက်ရှိလာပြီဖြစ်ရာ လယ်ယာလုပ်ငန်းခွင် အထောက်အကူပြုနေသည့် ကျွဲ၊ နွားများ ရောဂါမကျရောက်စေရေး ဂရုပြုကြရပေမည်။

ရာသီဥတုအကူးအပြောင်းနှင့် မိုးရာသီစိုစွတ်သော ကာလများတွင် ခိုင်းကျွဲ၊ ခိုင်းနွားများ ခွာနာလျှာနာရောဂါ ဖြစ်ပွားတတ်သဖြင့် သတိပြုကြည့်ရှုနေကြရမည်ဖြစ်သည်။ ခွာနာလျှာနာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်ပြီး ကျွဲ၊ နွားများတွင်သာမက သိုး၊ ဆိတ်၊ ဝက်စသည့် အိမ်မွေးတိရစ္ဆာန်များ၊ တောရိုင်းခွာကွဲ တိရစ္ဆာန်များတွင်ပါ ဖြစ်ပွားနိုင်သည်။ အဆိုပါရောဂါသည် ကူးစက်မှုမြန်ပြီး တိရစ္ဆာန်ငယ်များတွင် သေဆုံးသည်အထိ ပြင်းထန်သည်။

ရောဂါလက္ခဏာအနေဖြင့် ကျွဲ၊ နွားများ ခွာနာလျှာနာဖြစ်လျှင် ကိုယ်အပူချိန်တက်ခြင်း၊ လျှာ၊ အာခေါင်၊ သွားဖုံး၊ ခံတွင်းတို့တွင် အရည်ကြည်ဖုများဖြစ်ပေါ်ခြင်း၊ အရည်ကြည်ဖုများပေါက်ကွဲကာ အနာများဖြစ်လာခြင်း၊ လျှာ၊ ပါးစပ်များမှ သွားရည်များကျလာခြင်းတို့ကို တွေ့ရပေမည်။ ရောဂါစတင်ဖြစ်ပေါ်ပြီး နှစ်ရက်ခန့်အကြာတွင် လျှာအရေပြားများကွာလာပြီး အစာမစားနိုင်ခြင်း၊ လျှာနှင့်ခွာများတွင် အနာပေါက်၍ လမ်းမလျှောက်နိုင်ခြင်းတို့ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

ကျွဲ၊ နွား ခွာနာလျှာနာရောဂါသည် တိရစ္ဆာန်အချင်းချင်း၏ သွားရည်၊ ဆီး၊ ဝမ်း၊ နှာရည်များမှ ကူးစက်နိုင်သည့်အပြင် ကျွဲ၊ နွားကိုင်တွယ်သူများမှ တစ်ဆင့်လည်း အခြားတိရစ္ဆာန်များသို့ ကူးစက်နိုင်သည်။ ရောဂါဖြစ်ပွားသောတိရစ္ဆာန်များအား ခြံလှောင်၍ သီးခြားပြုစုကုသခြင်း၊ အာဟာရဖြစ်စေနိုင်သော အစားအစာများကျွေးမွေးခြင်း၊ အစာအကြွင်းအကျန်များကို သီးခြားစုပုံ၍ ထုံးဖြူးခြင်း၊ ခြံသုံးပိုးသတ်ဆေးဖျန်းခြင်း၊ ခြံပတ်ဝန်းကျင်၌ ထုံးဖြူးပိုးသတ်သန့်စင်ခြင်းများ ပြုလုပ်ကြရပေမည်။

စွတ်စိုထိုင်းမှိုင်းသော မိုးရာသီတွင် ကျွဲ၊ နွားများ ခွာနာလျှာနာရောဂါ မဖြစ်ပွားစေရေးအတွက် ကာကွယ်ဆေးထိုးပေးခြင်း၊ ရောဂါဖြစ်ပွားကြောင်း သိရှိလျှင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနတို့သို့ ဆောလျင်စွာသတင်းပို့ခြင်း၊ ရောဂါဖြစ်ပွားသော ကျွဲ၊ နွားများအား စနစ်တကျကုသခြင်းတို့ကို ဂရုပြုဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ဆဋ္ဌမအကြိမ်မြောက် အသက်ရာကျော်ဘိုးဘွားပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်　ဇွန်　၂၆

မင်္ဂလာဗျူဟာပရဟိတအဖွဲ့တည်ထောင်ခြင်း (၁၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းရှိ အသက် (၁၀၀)နှင့်အထက် ဘိုးဘွားများအား ဆဋ္ဌမအကြိမ်မြောက် အသက်ရာကျော်ဘိုးဘွားပူဇော်ပွဲကို ဇူလိုင် ၂၄ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်(ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်နှင့် မြောက်ဘက်မုခ်အကြား)၌ ကျင်းပမည်ဖြစ်သဖြင့် အသက် (၁၀၀)နှင့် အထက် ဘိုးဘွားများ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ရယကအဖွဲ့၏ထောက်ခံချက်၊ ဘိုးဘွား၏ ပို့စကတ်အရွယ် ဓာတ်ပုံတစ်ပုံ တို့နှင့်အတူ ပူဇော်ပွဲသို့ ဘိုးဘွားများ တက်ရောက်နိုင်ခြင်း ရှိ၊ မရှိကိုပါ ရေးသွင်း၍ မင်္ဂလာဗျူဟာပရဟိတအဖွဲ့သို့ ဇူလိုင် ၁၆ ရက်(သောကြာနေ့)နောက်ဆုံးထားပေးပို့နိုင်သည်။

ယမန်နှစ် ပူဇော်ပွဲတွင် အသက် (၁၀၀)နှင့်အထက်ဘိုးဘွား ၅၈ ဦးတို့ကို ပူဇော်နိုင်ခဲ့ပြီး ယခုနှစ်ပူဇော်ပွဲအတွက် အလှူငွေနှင့်လှူဖွယ်ပစ္စည်းအစရှိသည်တို့ကို မင်္ဂလာဗျူဟာပရဟိတအဖွဲ့ရုံးခန်းနှင့် အတွင်းရေးမှူး ဒေါ်ခင်လှဲ့ဝင်း ဖုန်း-၀၉-၅၁၇၅၆၅၂၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်မျိုးမင်း ဖုန်း-၀၉-၅၁၉၆၈၂၂ နှင့် ဘဏ္ဍာရေးမှူး ဦးဌေးဝင်း ဖုန်း-၀၉-၈၀၂၂၄၈၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် ပူဇော်ပွဲ အခမ်းအနားကို တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော်　ဇွန်　၂၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇွန် ၁၈ ရက်တွင် မုံရွာမြို့ တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ကျင်းပသည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင်အားကစားအသင်းများနှင့် ဒိုင်အဖွဲ့များအား တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ပထမနေ့ပြိုင်ပွဲ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မုံရွာမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန တိုင်းဦးစီးမှူးရုံး၌ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန တိုင်းဦးစီးမှူးက လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးသည် ပုသိမ်-မုံရွာလမ်းမကြီး ဖောက်လုပ်ခြင်းစီမံကိန်း (မုံရွာခရိုင်အပိုင်း) ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးရာ တိုင်းပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် စက်ယန္တရားများဖြင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော်　ဇွန်　၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်အဆောက်အအုံ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းတက်ရောက်၍ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးလှထွန်းက စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာ့စီးပွားရေးဘဏ်မှ အရာထမ်း၊ အမှုထမ်းများက စိန်တစ်လုံးသရက်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ဝန်ကြီးသည် ပင်စင်ဦးစီးဌာန ရုံးဝင်းအတွင်း၌ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး သစ်မွှေးပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် ဝန်ကြီးသည် ပင်စင်ဦးစီးဌာန၏ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့တက်ရောက်ပြီး ငါးမျိုးများစိုက်ထည့်ပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပင်စင်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ငါးမျိုးများကို စိုက်ထည့်ပေးကြသည်။

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့၌လည်း အရာထမ်း၊ အမှုထမ်းများက စားပင်၊ သီးပင်၊ နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးသည့် သစ်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ စိန်တစ်လုံးသရက်၊ စိန်ပန်း၊ ငုရွှေဝါ၊ ကံ့ကော်၊ ခရေနှင့် သပြေ စုစုပေါင်း အပင် ၂၀၀၀ စိုက်ပျိုးခဲ့ပြီး စိုက်ထည့်ပေးသည့် ငါးမျိုးများမှာ ငါးမြစ်ချင်းကောင်ရေ ၃၅၀၀ နှင့် ထိုင်းငါးခုံးမကောင်ရေ ၃၅၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ သစ်မွှေးပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ပေးအပ်

ကွယ်လွန်သူ ဒေါ်စိန်ငွေအားရည်စူး၍ ညောင်လေးပင်မြို့ အာဇာနည်လမ်းနေ ဦးပန်းနှင့်သမီး ဒေါ်ရီမိသားစုတို့က ညောင်လေးပင်မြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် ငွေပဒေသာပင် အလှူငွေကျပ် ၁၀၄၄၀၀၀ ကို ပေးအပ်လှူဒါန်းရာ ညောင်လေးပင်မြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဦးတင်မောင် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

(သံဃာ့ဆေးရုံ)

ဆိပ်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ပေးအပ်

ဆိပ်ဖြူ　ဇွန်　၂၆

ဆိပ်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ငွေသဲဖြူခန်းမ၌ ကျင်းပရာရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရ**(အောက်ပုံ)**နှင့် မြို့နယ် မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ကေသီအောင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ပညာသင်စရိတ်ထောက်ပံ့ပေးအပ်မှုမှာ အထက်တန်း ရှစ်ဦး၊ အလယ်တန်း ၁၃ ဦး၊ မူလတန်း ၁၁ ဦး စုစုပေါင်း ၃၂ ဦး အတွက် ပညာသင်စရိတ်ငွေကျပ် ၆၁၀၀၀၊ စာအုပ်နှင့် စာရေးကိရိယာ တန်ဖိုးမှာ ငွေကျပ် ၄၀၀၀၀ စုစုပေါင်း ကျပ် ၁၀၁၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မီးရှို့ဖျက်ဆီး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်တို့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးစဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးက ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဦးဆောင်၍ တက်ရောက်လာကြသော ဧည့်သည်တော်များသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်တို့က စက်ခလုတ်နှိပ်ကာ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် (၁၅)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၂၆

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် (၁၅)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၌ကျင်းပရာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဧည့်သည်များနှင့် အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။

နှစ်ပတ်လည်စုံညီအစည်းအဝေးတွင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်၏ နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာကို ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဆွေက ဖတ်ကြားတင်သွင်းသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်း၊ ပြင်ပစာရင်းစစ် ရွေးချယ်တာဝန်ပေးအပ်ခြင်း၊အဖွဲ့ဝင်သုံးဦးပါ စာရင်းစစ်ကော်မတီတို့အား ရွေးချယ်တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်က ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းနှင့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းများသို့ အလှူငွေကျပ်သိန်း ၃၀ စီ ပေးအပ်ပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

မရမ်းကုန်းမြို့နယ် ဒေင်အိမ်ရာ (၃)ရပ်ကွက်နေ မိခင်ကြီး ဒေါ်အမာ (၈၂)နှစ်ကွယ်လွန်ခြင်း (၁၁)နှစ်ပြည့်အား ရည်စူး၍ သား ဦးမြင့်ဦး -ဒေါ်မြမြသိန်း မိသားစုက ဘိုးဘွားသောက်သုံးရေလှောင်ကန်၊ ဆွမ်းပဒေသာပင်တို့အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ကနီမြို့ သာယာလှပရေး စုပေါင်းသန့်ရှင်း

ကနီ ဇွန် ၂၆

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်း သာယာလှပရေးအတွက် အဖွဲ့ဝန်ထမ်းများဖြင့် မြို့ဝင်လမ်းတစ်လျှောက်၊ ကမ်းနားလမ်းတစ်လျှောက်နှင့် မြို့တွင်းလမ်းမကြီးဘေး ဝဲ၊ယာတို့တွင် အပတ်စဉ်တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆိုင်နှင့် အမှုဆောင်အရာရှိ ဦးတင့်လွင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းလုံးစွမ်းရည်ပြ သရုပ်ပြပွဲကျင်းပ



မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းလုံးအလှခတ် အကျော်အမော်များ၏ စွမ်းရည်ပြနှင့် သရုပ်ပြပွဲများဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးတင့် အမှာစကားပြောကြားစဉ်။ (မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်)

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းလုံးအလှခတ် အကျော်အမော်များ၏ စွမ်းရည်ပြနှင့်သရုပ်ပြပွဲများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မြန်မာ့ရိုးရာခြင်းလုံးအားကစားရုံ၌ကျင်းပရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးရဲအောင်က မြန်မာ့ရိုးရာခြင်းလုံးအလှခတ်အကျော်အမော်များ၏ စွမ်းရည်ပြနှင့် သရုပ်ပြပွဲကို ခြင်းလုံးခတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် လှျပ်စစ်ကိုသန်းမောင်လေးအဖွဲ့၊ ချိန်လိန်ကိန်း ခြင်းလုံးအားကစားရုံအဖွဲ့၊ကျောက်မြောင်း ခြင်းလုံးအားကစားရုံအဖွဲ့၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ အမှုဆောင်များပါဝင်သော ခြင်းလုံးအဖွဲ့၊ ဂန္ဓဝင်အောင်နိုင်ဖြိုးအဖွဲ့၊ ခေတ္တရာအောင်အောင်အဖွဲ့၊ ဝါသနာလုလင်အောင်စိုးမိုးအဖွဲ့၊ အမျိုးသမီး ညွန့်ပေါင်းလက်ရွေးစင်အဖွဲ့နှင့် အမျိုးသား ညွန့်ပေါင်းလက်ရွေးစင်အဖွဲ့တို့က သရုပ်ပြခတ်ကစားကြပြီး ရဲဇာနည်သိန်းသိန်းဝင်းနှင့် သီတာဦးတို့ကလည်း တစ်ကိုယ်တော် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားစွမ်းရည်များကို သရုပ်ပြကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်း ဇွန် ၉ ရက်က ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဲနွယ်ကုန်းဈေး မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင် ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၆

WISE International School for Executives မှ ကြီးမှူး၍ Retail Planning and Management Seminar ကို ဇွန် ၂၇ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းရှိ ယုဇနတာဝါ (၁၀)ထပ်ရှိ အခန်းအမှတ်(၁၀၀၉)၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃၊ ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၄။ **ကာတွန်းအစီအစဉ် -အမြွှာစုံထောက် (အပိုင်း-၁၆)**
၁၁း၂၅ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာရောင်စဉ်**
၁၂း၃၀ ၆။ ကျန်းမာသုတ
၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၄၇)**
၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄း၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ **ဘဝကြေးမုံ** -နေရာ (ပြေဇင်၊ ဖိုးတာ၊ နဒီဝင့်နိုင်၊ အောင်လွှမ်းအောင်) (ဒါရိုက်တာ-အာယု)
၆း၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သည်းချာ (အပိုင်း-၄၂)**
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ကျန်းမာသုတ
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ **၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) -ဂျာမနီနှင့် အင်္ဂလန်**
၂၀။ လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၅)
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

၂၈-၆-၂၀၁၀ ရက် (တနင်္လာနေ့)

၁။ ၀၁း၀၀ **၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) - အာဂျင်တီးနား နှင့် မက္ကဆီကို**

ပါကစ္စတန်၌ လောင်စာဆီတင်ယာဉ်များအား မီးရှို့ဖျက်ဆီး

အစ္စလာမ္မာဘတ် ဇွန် ၂၆

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ဆင်ခြေဖုံးတွင် ညသန်းခေါင်ယံက လောင်စာဆီတင်ယာဉ် အများအပြား မီးရှို့ခံခဲ့ရကြောင်း သောကြာနေ့တွင် ပြည်တွင်းရုပ်မြင်သံကြားက ဖော်ပြသည်။

သောကြာနေ့ နံနက်ပိုင်းတွင် မီးကို ငြိမ်းသတ်နိုင်ခဲ့သည်။ ပျက်စီးခဲ့သော လောင်စာဆီတင်ယာဉ် အရေအတွက်ကို ပြောကြားခြင်းမရှိသော် လည်း အဆိုပါ ယာဉ်များကို ပုဂ္ဂလိက လောင်စာဆီ ပို့ဆောင်ရေးကုမ္ပဏီတစ်ခုက ပိုင်ဆိုင်ကြောင်း သိရသည်။

ယင်း ယာဉ်များကို တရားမဝင် လောင်စာဆီများ ပို့ဆောင်ရာတွင် အသုံးပြုခဲ့ပြီး ရည်ရွယ်ချက်ရှိရှိဖြင့် မီးရှို့ဖျက်ဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့တော်အနီး၌ ဇွန်လအတွင်းက နေတိုး ထောက်ပံ့ရေး ကုန်တင်ယာဉ် ၆၀ ထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ နောက်ထပ် သီးခြားတိုက်ခိုက်မှုနှစ်ရပ်၌ နေတိုး ထောက်ပံ့ရေး ကုန်တင်ယာဉ်တစ်စီးနှင့် လောင်စာဆီတင်ယာဉ် နှစ်စီးတို့အား အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် ဖျက်ဆီးခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

နေတိုးတပ်ဖွဲ့၏ ထောက်ပံ့ရေး လောင်စာဆီတင် ယာဉ်များအား တာလီဘန် စစ်သွေးကြွများ မီးရှို့ဖျက်ဆီးနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်အနောက်မြောက်ပိုင်း၌ ဘတ်စ်ကား လျှိုထဲထိုးကျ ၁၁ ဦး သေဆုံးပြီး ၃၁ ဦး ဒဏ်ရာရ

ဟိုင်ယန် ဇွန် ၂၆

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း နင်ရှားဟောင် အုပ်ချုပ်ခွင့်ရဒေသတွင် ဇွန် ၂၆ ရက် နံနက်ပိုင်းက ခရီးသည်များ မတန်တဆ တင်ဆောင်ထားသော မီနီဘတ်စ်တစ်စီး လျှိုအတွင်းသို့ ထိုးကျမှုကြောင့် ၁၁ဦးထက်မနည်း သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြား သည်။

အဆိုပါ မီနီဘတ်စ်သည် ထိုင်ခုံ ၁၉ နေရာသာ ပါရှိသော်လည်း လူ ၄၂ ဦး တင်ဆောင်လာကြောင်း၊ ၁၁ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၃၁ ဦးအနက် သုံးဦးမှာ အသက်အန္တရာယ် စိုးရိမ်ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းဘတ်စ်ကားသည် တောင်တက်လမ်းတစ်ခုမှ အရှိန်လွန်ပြီး မီတာ ၂၀ ကျော်နက်သော လျှိုထဲသို့ ထိုးကျခဲ့သည်ဟု ဆိုသည်။

ကနဦး စုံစမ်းစစ်ဆေးမှုများအရ ယင်း ဘတ်စ်ကားကို ဟိုင်ယန်စီရင်စုမှ ပုဂ္ဂလိကပိုင် လုပ်ငန်းတစ်ခုဖြစ်သော လီမင်း ပြည်သူ့ပို့ဆောင်ရေးကုမ္ပဏီက ပိုင်ဆိုင်ကြောင်း တွေ့ရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း နင်ရှားဟောင် အုပ်ချုပ်ခွင့်ရဒေသ ဟိုင်ယန်စီရင်စု၌ လျှိုထဲထိုးကျ တိမ်းမှောက်ခဲ့သော မီနီဘတ်စ်အား ကယ်ဆယ်ရေးအဖွဲ့များ စစ်ဆေးနေသည်ကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကာဇက်စတန်၌ အပေါ့စားလေယာဉ်ပျက်ကျ နှစ်ဦးသေဆုံး

အယ်မာတီ ဇွန် ၂၆

ကာဇက်စတန်မြောက်ပိုင်းတွင် ဇွန် ၂၄ ရက်မွန်းလွဲပိုင်းက အပေါ့စားလေယာဉ် ပျက်ကျမှုကြောင့် နှစ်ဦးသေဆုံးကြောင်း သောကြာနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ အင်န်-၂ လေယာဉ်သည် မြောက်ကာဇက်စတန်ဒေသမှ ပျံတက်စဉ် သစ်ပင်နှင့်တိုက်မိပြီး မြေပြင်သို့ ထိုးကျကာ မီးလောင်ခဲ့သည်ဟု ဆိုသည်။

လေယာဉ်အမှုထမ်းနှစ်ဦးတို့ အခင်းဖြစ်ပွားသည့်နေရာ၌ သေဆုံးပြီး စက်ပြင်တစ်ဦးကို ဆေးရုံသို့ တင်ပို့ခဲ့သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဥရောပသို့ ထုတ်လွှင့်သည့် ဟားမားစ်ရုပ်သံလိုင်း အပိတ်ခံရ

ပါရီ ဇွန် ၂၆

ဂျူးလူမျိုးနှင့် အစ္စရေးနိုင်ငံအပေါ် မုန်းတီးစိတ်များဖြစ်ပေါ်လာစေရန် လှုံ့ဆော်နေသည်ဟု စွပ်စွဲခံထားရသော ဂါဇာအခြေစိုက် အယ်လ်အက်ဆာ ဟားမားစ်ရုပ်သံဌာန၏ ဥရောပတိုက်သို့ ထုတ်လွှင့်နေသည့်လိုင်းများကို ပိတ်လိုက်ပြီဖြစ်ကြောင်း ယူတဲလ်ဆက် ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီက သောကြာနေ့တွင် ပြောကြားသည်။

အယ်လ်အက်ဆာ ရုပ်သံလိုင်းသည် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခဲ့ကြောင်း ဥရောပ မဟာမင်းကြီးရုံးက ပြောကြားခဲ့ပြီး နောက်ပိုင်း ပြင်သစ်အစိုးရသည် ပါရီအခြေစိုက် ယူတဲလ်ဆက် ဂြိုဟ်တုဆက်သွယ်ရေး ကုမ္ပဏီအား အဆိုပါ ဟားမားစ်ရုပ်သံလိုင်း၏ ဥရောပတိုက်သို့ ထုတ်လွှင့်မှု အစီအစဉ်များကို ဖြတ်တောက်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။

အယ်လ်အက်ဆာ ရုပ်သံလိုင်းသည် ဂါဇာကမ်းမြောင်ကို ထိန်းချုပ်ထားသော ဟားမားစ်အဖွဲ့၏ အထောက်အပံ့ဖြင့် ရပ်တည်နေခြင်းဖြစ်သည်။ အဆိုပါ ရုပ်သံလိုင်းသည် ဥရောပတိုက်၌ ထုတ်လွှင့်ခွင့် မရနိုင်သော်လည်း အာရပ်ဆက်ကုမ္ပဏီပိုင် ဆက်သွယ်ရေးဂြိုဟ်တု နှစ်လုံးကို အသုံးပြုကာ အရှေ့အလယ်ပိုင်းဒေသအတွင်း ၎င်း၏အစီအစဉ်များကို ဆက်လက်ထုတ်လွှင့်နိုင်မည်ဖြစ်သည်။

အင်တာနက်။

ဟားမားစ်အဖွဲ့၏ အထောက်အပံ့ဖြင့် ရပ်တည်နေသော ဂါဇာအခြေစိုက် အယ်လ်အက်ဆာရုပ်သံဌာန၏ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မွမ်ဘိုင်းအကြမ်းဖက်မှုနှင့် ပတ်သက်ဖွယ်ရှိသူ ပါကစ္စတန်နိုင်ငံသားနှစ်ဦး ဇင်ဘာဘွေ၌ ဖမ်းဆီး

ဟာရာရီး ဇွန် ၂၆

နိုင်ငံကူးလက်မှတ်အတုများ အသုံးပြုမှုဖြင့် ပါကစ္စတန်နိုင်ငံသားနှစ်ဦးကို ဇင်ဘာဘွေနိုင်ငံက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း စနေနေ့ သတင်းများတွင်ဖော်ပြသည်။ ယင်းပါကစ္စတန်နိုင်ငံသား နှစ်ဦးအနက် တစ်ဦးသည် ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သော အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်စပ်နေသူဖြစ်ဖွယ်ရှိကြောင်း သတင်းများအရ သိရသည်။

ဇင်ဘာဘွေနိုင်ငံမှ တစ်ဆင့် တောင်အာဖရိကနိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်ရန် နိုင်ငံကူးလက်မှတ်အတုများ အသုံးပြုခဲ့သည်ဆိုသော အဆိုပါ ပါကစ္စတန်နိုင်ငံသားနှစ်ဦးကို ဇင်ဘာဘွေ တောင်ပိုင်း ဘိုက်ဘရစ်ဂျ် နယ်စပ်မြို့၌ ဇွန် ၂၀ ရက်တွင် ဇင်ဘာဘွေရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

၎င်းတို့နှစ်ဦးအနက်တစ်ဦးမှာ အင်ရန်းမူဟာမက် ဆိုသူဖြစ်ပြီး မွမ်ဘိုင်းတိုက်ခိုက်မှုတွင် ပါဝင်သူဟု ယူဆရသူအဖြစ် ပါကစ္စတန် ရဲတပ်ဖွဲ့က အလိုရှိသူတစ်ဦးဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ပါကစ္စတန်နိုင်ငံသား နှစ်ဦးနှင့် ပတ်သက်သော သတင်းအချက်အလက်များရရှိရန် ပါကစ္စတန်လုံခြုံရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ထားကြောင်း ဇင်ဘာဘွေရဲတပ်ဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

လျှပ်ဒဏ်ကြောင့် ကယ်လီဖိုးနီးယားပြည်နယ်မှ မြို့တစ်မြို့ မူလတည်နေရာမှ ရွေ့လျားခဲ့

ကလီဆီကို ဇွန် ၂၆

အမေရိကန်ပြည်ထောင်စု အနောက်တောင်ပိုင်းနှင့် ကယ်လီဖိုးနီးယားပြည်နယ်တို့တွင် ဧပြီလအတွင်းက လှုပ်ခတ်ခဲ့သော အင်အားပြင်းထန်သည့် ငလျင်ကြောင့် ကယ်လီဖိုးနီးယားပြည်နယ် နယ်စပ်မြို့တော် တစ်မြို့လုံး မူလတည်နေရာမှ ရွေ့လျားခဲ့ကြောင်း သောကြာနေ့သတင်းများတွင် ဖော်ပြသည်။

ရွေ့လျား

ဧပြီ ၄ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိ ငလျင်ကြောင့် အမေရိကန်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံနယ်စပ် ကယ်လီဖိုးနီးယားပြည်နယ်ရှိ ကလီဆီကိုမြို့သည် မူလတည်နေရာမှ တောင်ဘက်သို့ နှစ်ပေခွဲမျှ ရွေ့လျားခဲ့ကြောင်း အမျိုးသားလေကြောင်းနှင့် အာကာသအေဂျင်စီ(နာဆာ)မှ ထုတ်ပြန်သော ဓာတ်ပုံများအရ သိရသည်။

ကလီဆီကိုမြို့တော် အရှေ့တောင်ဘက် ၃၂ မိုင်အကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့သော ငလျင်ကြောင့် လူနှစ်ဦး သေဆုံးခဲ့ပြီး ရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ငလျင်သည် နှစ်ပေါင်း ၁၂၀ မျှအတွင်း ကယ်လီဖိုးနီးယားပြည်နယ်၌ လှုပ်ခတ်ခဲ့သမျှ အင်အားအပြင်းထန်ဆုံး ငလျင်လည်းဖြစ်သည်။

ချီလီငလျင်

ယခုနှစ် အစောပိုင်းက လှုပ်ခတ်ခဲ့သော ချီလီငလျင်ကြောင့်လည်း ကွန်ဆက်စီယွန်မြို့တော်သည် မူလတည်နေရာမှ အနောက်ဘက်သို့ အနည်းဆုံး ၁၀ ပေမျှ ရွေ့လျားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်နစ္စတန်စစ်ပွဲ အဆုံးအရှုံးများကြောင့် ဗိုလ်ချုပ်ကြီးမက်ခရစ္စတယ်လ် ရာထူးမှနုတ်ပယ်ခံရဟုဆို

ကဘူး ဇွန် ၂၆

ယခုရက်သတ္တပတ်အတွင်းဖြစ်ပေါ်ခဲ့သော အာဖဂန်စစ်မြေပြင်ဆိုင်ရာ တပ်မှူးရာထူးများအပြောင်းအလဲသည် အမေရိကန်နှင့် ၎င်း၏မဟာမိတ်တပ်ဖွဲ့များအနေဖြင့် အာဖဂန်စစ်ပွဲတွင် ရှုံးနိမ့်နေသည့် လက္ခဏာဖြစ်ကြောင်း အစ္စလာမ့်အစွန်းရောက်အုပ်စုများ အသုံးပြုသည့် အင်တာနက်ဝက်ဘ်ဆိုက်များတွင် ကြာသပတေးနေ့က ဖော်ပြသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ဗိုလ်ချုပ်ကြီး စတန်လေမက်ခရစ္စတယ်လ်အား နိုင်ငံတကာလုံခြုံမှု အထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)၏ တပ်မှူးအဖြစ်မှ နုတ်ပယ်၍ ယင်းရာထူးနေရာတွင် ဗိုလ်ချုပ်ကြီး ဒေးဗစ်ပက်ထရေးယပ်စ်ကို အစားထိုးခန့်အပ်ခြင်းဖြင့် သိက္ခာဆယ်လိုခြင်းဖြစ်ကြောင်း တာလီဘန် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်ဒုတိယသမ္မတအပါအဝင် ထိပ်တန်းအရပ်ဘက်ခေါင်းဆောင်များကို သရော်ထားသော ရိုးလင်းစတုန်းမဂ္ဂဇင်းပါ ဆောင်းပါးတစ်ပုဒ်နှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီး မက်ခရစ္စတယ်လ်နှင့် ၎င်း၏ရုံးအဖွဲ့သားများကို ဗုဒ္ဓဟူးနေ့တွင် အမေရိကန်အစိုးရက ရာထူးမှ နုတ်ပယ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တက်ရောက်ဆွေးနွေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Seoul Olympic Parktel တွင် ကျင်းပသည့် (၉)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသစိုက်ပျိုးရေး မူဝါဒဆိုင်ရာ ဆွေးနွေးပွဲ၌ တက်ရောက်ဆွေးနွေးစဉ်။

(သတင်းစဉ်)

စားနပ်ရိက္ခာဖူလုံရေးတွင် အမျိုးသားနှင့် အပြည်ပြည်ဆိုင်ရာ ဦးစားပေးအဆင့်ထားရှိရန်လို စားနပ်ရိက္ခာဖူလုံရေး ရေရှည်တည်တံ့သော စိုက်ပျိုးရေးတိုးတက်မှုကို စဉ်းစားရန်လိုအပ်

နေပြည်တော် ဇွန် ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ စိုက်ပျိုးရေးမူဝါဒဆိုင်ရာ ဆွေးနွေးပွဲ (9th Asia Pacific Agriculture Policy Forum) သို့ တက်ရောက်ရန် ဇွန် ၁၉ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးလွင်နှင့်အတူ ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး H.E. Mr. Park Young Jum နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍတိုးတက်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စူဝမ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန (Rural Development Administration-RDA) သို့ သွားရောက်ပြီး အုပ်ချုပ်ရေးမှူး Mr. Kim Jae Soo နှင့် တွေ့ဆုံကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန၏ စိုက်ပျိုးရေးပြတိုက်သို့ သွားရောက်လေ့လာပြီး မျိုးဗီဇဘဏ် (Gene Bank)သို့ ဆက်လက်သွားရောက်ကာ မျိုးဗီဇဘဏ်အတွင်း သီးနှံမျိုးများ၏ ဗီဇ၊ ဒီအင်အေအဆင့်ထိ သိုလှောင်ထားရှိမှု၊ အပင်မျိုးသစ်များ မျိုးစပ်ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ တိရစ္ဆာန်များ၏ မျိုးဗီဇ၊ အဏုဇီဝဗီဇများ သိုလှောင်ထားရှိမှု၊ သီးနှံမျိုးစေ့၏ ဒီအင်အေများ သိုလှောင်ထားရှိမှု၊ နိုင်ငံတကာမှ စုဆောင်းရရှိသည့် သီးနှံမျိုးများကို သိမ်းဆည်းပြီး မျိုးစေ့ထုတ်ယူခြင်း၊ ပြန်လည်ထားသိုခြင်းတို့ကို ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံမှ ပေးပို့သော စပါးမျိုးများ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ဝန်ကြီး ဦးဌေးဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ဆိုးလ်မြို့ Seoul Olympic Parktel ဟိုတယ် အေသင်ခန်းမ၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ စိုက်ပျိုးရေး မူဝါဒဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ရာ ဆွေးနွေးပွဲတွင် အာရှနှင့် ပစိဖိတ်ဒေသစိုက်ပျိုးရေး မူဝါဒဆိုင်ရာ ဆွေးနွေးပွဲ၏ အထွေထွေအတွင်းရေးမှူး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Dr. Jikaun Huang က အဖွင့်အမှာစကားပြောကြားပြီး အာရှနှင့် ပစိဖိတ်ဒေသ စိုက်ပျိုးရေးဆိုင်ရာ ဆွေးနွေးပွဲသဘာပတိ ကိုရီးယား သမ္မတနိုင်ငံမှ Dr. Sang Mu Lee က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဦးဌေးဦးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် အခြေခံစားနပ်ရိက္ခာ ဈေးနှုန်းမြင့်မားမှု၊ သဘာဝစွမ်းအင်နှင့် ဓာတ်သတ္တုအရင်းအမြစ်များ လျော့နည်းလာမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက် မြင့်မားလာမှုတို့ကြောင့် စားနပ်ရိက္ခာဖူလုံရေးတွင် အမျိုးသားနှင့် အပြည်ပြည်ဆိုင်ရာ ဦးစားပေးအဆင့်ထားရှိရန်လိုကြောင်း ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက် မြင့်မားလာခြင်းကို ဖြည့်ဆည်းပေးရန် စိုက်ပျိုးရေးအပေါ် ဖိအားပေးလာခြင်းသည် တစ်ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ၊ အမျိုးသားရေးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးမူဝါဒသစ်များနှင့် နည်းဗျူဟာများကို ပြန်လည်သုံးသပ်ရန်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးတိုးတက်မှုကို စဉ်းစားရန် လိုအပ်လာကြောင်း၊ သို့ရာတွင် ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးအယူအဆသဘောတရားကို နိုင်ငံအလိုက်၊ ဒေသအလိုက် သတိထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသည် စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ ဇီဝစက်သုံးဆီဖွံ့ဖြိုးမှု၊ ရေရရှိရေးလုံခြုံမှု၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆိုင်သော မူဝါဒများ ချမှတ်နိုင်မည့် နည်းလမ်းများအား အမြင်ချင်း၊ အတွေ့အကြုံဗဟုသုတများ ဖလှယ်နိုင်သည့်အတွက် အာရှပစိဖိတ်ဒေသတွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့ကို အထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)မှ မြန်မာနိုင်ငံဆိုင်ရာ အကြံပေးအရာရှိချုပ် ဦးတင်ထွဋ်ဦးက ဒေသတွင်းစိုက်ပျိုးထုတ်လုပ်မှုများနှင့် စပ်လျဉ်း၍ စတင်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲ ခေတ္တရပ်နားချိန်တွင် ဝန်ကြီးသည် အစည်းအဝေးသို့ တက်ရောက်လာကြသော ပညာရှင်များနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ဆွေးနွေးပွဲတွင် တရုတ်၊ ဂျပန်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မြန်မာနှင့် မလေးရှားနိုင်ငံတို့မှ စိုက်ပျိုးရေးပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခများက စားနပ်ရိက္ခာဖူလုံရေး၊ လောင်စာဆီနှင့် ကမ္ဘာ့ငွေကြေး အကျပ်အတည်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် ရိုက်ခတ်မှုများ၊ စားနပ် ရိက္ခာလုံခြုံမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ဇီဝလောင်စာဆီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးရေးအပေါ် ထိခိုက်မှုများစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် နောင်ဝူးဘိုင်အိုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၌ သီးနှံမျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၂၆

ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် စီမံခန့်ခွဲရေး၊ လုံခြုံရေးကိစ္စများကို ထိရောက်စွာကြပ်မတ်ဆောင်ရွက်သွားကြရန်၊ သင်ယူတတ်မြောက်မှုလုပ်ငန်းများကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်၊ စနစ်တကျစစ်ဆေးတိုင်းတာပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးကြပ်မတ် ဆောင်ရွက်သွားကြရန်၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်မြင့်မားရေးအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးပြီးဖြစ်သဖြင့် သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားလာစေရန် ကြပ်မတ်ဆောင်ရွက်ကြရန်၊ အခြေခံပညာကျောင်းအုပ်ချုပ်မှုမွမ်းမံသင်တန်း ဖွင့်လှစ်လေ့ကျင့်ပေးပြီးဖြစ်သဖြင့် ကျောင်းအုပ်ချုပ်မှုနှင့် သင်ကြားမှုအရည်အသွေးမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပါရဂူသင်တန်းများ အရည်အသွေးပြည့်ဝအောင် ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများနှင့် ဒေသအကျိုးပြု သုတေသန လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းပညာရေးမှူးများက သက်ဆိုင်ရာအလိုက် စီမံခန့်ခွဲရေး၊ သင်ကြားရေးနှင့် ကျောင်းစစ်ဆေးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တာဝန်ခံပါမောက္ခချုပ်များက စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆိုင်ရာကိစ္စများ၊ သုတေသနလုပ်ငန်းဆောင်ရွက်မှုများ၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြိုဘွဲ့လွန်သင်တန်းဖွင့်လှစ်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ဦးစီးဌာနများနှင့် အဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ရပ်စလုံးတွင် အားကစားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးသင်ကြားပေးရေးနှင့် မျိုးချစ်စိတ်ဓာတ်ရင့်သန်သော နိုင်ငံ့သားကောင်းများ ဖြစ်အောင် လေ့ကျင့် သင်ကြားပေးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၆-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"ထုတ်ပြန်ခြင်းနှင့်ဆွဲဆောင်ခြင်း" တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၆း၅၀	အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၇း၀၀	MRTV-4 သတင်း
၇း၄၅	ဗီဒီယိုပြခန်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၉)**
၈း၃၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (နတ်ဖက်တဲ့စုံတွဲများ)
၉း၀၀	ချင်းပြည်နယ်မှရောင်စုံပန်း ကလေးများအတွက်မြိုင်ပရဟိတ စာသင်တိုက်
၉း၁၅	ထူးဆန်းအံ့မခန်း Bio Energy Pendant အစွမ်း
၉း၃၅	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀း၃၅	ပန်းတိုင်အထွက်တိုးစေဖို့ . . နွေနှမ်းစိုက်ကြစို့
၁၀း၅၀	Activities In The City (စိန်နှင့်မြမွေ့ရာပရိဘောဂဆိုင်သစ်ဖွင့်ပွဲ)
၁၁း၀၀	ဈေးဝယ်လမ်းညွှန် (PIXY နှင့် မိုးရာသီဖက်ရှင်)
၁၁း၂၀	Omega-3 fatty acids
၁၁း၃၅	ရန်ကုန်မြင်ကွင်းကျယ် (May International School Certificate Award Ceremony & Summer School Graduation Ceremony)
၁၁း၅၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတနက်သန်တစ်ခေတ် သီဖွဲ့ဟန်နှင့်ရေနံ့သာစိုးလှိုင်၏ သီဆိုဟန်)
၁၂း၂၀	ပတ္တရားကမ်းခြေ
၁၂း၃၅	စိတ်ကူးတို့နှင့် မြမြင့်မိုရ်
၁း၀၀	"ထုတ်ပြန်ခြင်းနှင့်ဆွဲဆောင်ခြင်း" တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	စကားပန်း (အစွဲအလမ်းကြီးတာကောင်းတယ်၊ အစွဲအလမ်းမကြီးတာကောင်းတယ်)
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၉)**
၄း၁၀	ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင် **(စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
၄း၂၅	ပန်းတိုင်အထွက်တိုးစေဖို့ . . နွေနှမ်းစိုက်ကြစို့
၄း၄၀	Activities In The City (စိန်နှင့်မြမွေ့ရာပရိဘောဂ ဆိုင်သစ်ဖွင့်ပွဲ)
၄း၅၀	ထူးဆန်းအံ့မခန်း Bio Energy Pendant အစွမ်း
၅း၁၅	ချင်းပြည်နယ်မှရောင်စုံပန်း ကလေးများအတွက်မြိုင်ပရဟိတ စာသင်တိုက်
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ကေဂျာနူး)
၆း၄၅	ပတ္တရားကမ်းခြေ
၆း၅၅	ဈေးဝယ်လမ်းညွှန် (PIXY နှင့် မိုးရာသီဖက်ရှင်)
၇း၁၀	ဗီဒီယိုပြခန်း
၇း၂၅	FMF Selection
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (အစွဲအလမ်းကြီးတာကောင်းတယ်၊ အစွဲအလမ်းမကြီးတာကောင်းတယ်)
၉း၃၀	**MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၉)**
၁၀း၀၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတနက်သန်တစ်ခေတ် သီဖွဲ့ဟန်နှင့်ရေနံ့သာစိုးလှိုင်၏ သီဆိုဟန်)
၁၀း၂၅	Sports World (Sunday Special)
၁၀း၄၅	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (နတ်ဖက်တဲ့စုံတွဲများ)
၁၁း၁၅	မောတို့မြေမှအံ့ဖွယ်ထူးခြား လိုက်ဂူများ
၁၂း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်ကစပြီး ချမှတ်ရေးဆွဲဆောင်ရွက် နိုင်ငံအတွင်း ဘိန်းနှင့်ဘိန်းဖြူထုတ်လုပ်မှု ယခင်ဆယ်စုနှစ်ကာလများနှင့် နှိုင်းယှဉ်ပါက သိသိသာသာလျော့နည်းကျဆင်းခဲ့

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းများကိုလည်း လုပ်ငန်းအဖွဲ့များက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား (International Day Against Drug Abuse and Illicit Trafficking) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime) မှ တာဝန်ရှိသူများ၊ ရန်ကုန်အခြေစိုက် အမေရိကန်မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ (Drug Enforcement Administration) မှ တာဝန်ရှိသူများ၊ ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (Australia Federal Police) မှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းရှိဂျာနယ်များမှ သတင်းထောက်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တက်ကြွလှုပ်ရှားစွာကျင်းပ

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက အမှာစကားပြောကြားရာတွင် မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့လူသားထု တစ်ရပ်လုံး၊ ကမ္ဘာ့နိုင်ငံအားလုံးကို ခြိမ်းခြောက်နေသော ပြဿနာရပ်ဖြစ်သည့်အတွက် နိုင်ငံကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး အန္တရာယ်ပေးနေသည့် ကြီးမားလှစွာသော ခြိမ်းခြောက်မှုကြီးဖြစ်နေကြောင်း၊ အန္တရာယ်ကြီးလှသည့် ခြိမ်းခြောက်မှုကြီးကို ကာကွယ်တားဆီးနိုင်ရန်အတွက် မိမိတို့တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယခုအထိမ်းအမှတ်နေ့ကို တက်ကြွလှုပ်ရှားစွာ ကမ္ဘာတစ်ဝှမ်း နိုင်ငံအသီးသီးနည်းတူ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပဆောင်ရွက်ခဲ့သည်မှာ ယခုနှစ်အပါအဝင် ၂၃ နှစ်ရှိခဲ့ပြီ ဖြစ်ကြောင်း။

ယခုနှစ်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့၏ ဦးတည်ချက်ဆောင်ပုဒ်မှာ **“ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့” “THINK HEALTH not drugs”**ဆိုသော ဆောင်ပုဒ်ပင်ဖြစ်ကြောင်း၊ ဤဆောင်ပုဒ်၏ အဓိကဦးတည်ချက်မှာ အနာဂတ်သားကောင်းရတနာများအဖြစ် လူသားထုတစ်ရပ်လုံးက အမြတ်တနိုး ပျိုးထောင် စောင့်ရှောက်နေရသော လူငယ်ထုသည် မူးယစ်ဆေးဝါးအန္တရာယ်ကို အများဆုံး ကြုံတွေ့ခံစားရပြီး ပန်းငုံပန်းဖူးဘဝ၌ပင် ညှိုးနွမ်းပျက်သုဉ်းအောင် မူးယစ်ဆေးဝါးက ကြီးမားစွာ အန္တရာယ်ပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးရှိနေလျှင် လုံခြုံဘေးကင်း၊ အန္တရာယ်ရှင်းရန် မဖြစ်နိုင်တော့သည့်အတွက် မူးယစ်ဆေးကို လုံးဝ ရှောင်ကြဉ်ခြင်းဖြင့် ကျန်းမာပျော်ရွှင်သည့်ဘဝကို မုချရောက်ရှိမှာဖြစ်သည်ဆိုသော အဓိပ္ပာယ်ကို ဖော်ညွှန်းလိုက်ခြင်းပင် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီထံ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ၌ ဆုချီးမြှင့်ရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ ခင်းကျင်းပြသထားသော ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိကြသော ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပိုစတာနှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ပြည်သူလူထုတစ်ရပ်လုံးနှင့် ဟန်ချက်ညီညီ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ဂုဏ်ပြုချီးမြှင့်

မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ခံစားရသော နောက်ဆက်တွဲဆိုးကျိုးများ၊ အထူးသဖြင့် HIV/AIDS ကဲ့သို့ ကြောက်စရာရောဂါဆိုးများ ကျရောက်ခံစားပြီး မူးယစ်ဆေးဝါး၏သားကောင်လူငယ်များ မရှုမလှ သေဆုံးကြရကြောင်း၊ ATS ဆိုသည့် စိတ်ကြွရူးသွပ်ဆေးဒဏ်ကြောင့် လူဖြစ်ရှုံးကြရသော ဘဝများကိုလည်း တွေ့ကြရမှာဖြစ်ကြောင်း၊ ယင်းကြောင့်လည်း ကောင်းကျိုးမပေး မူးယစ်ဆေးကို မည်သူမျှ မည်သည့်နည်းနှင့်မျှ သုံးစွဲခြင်းမျိုး မရှိရလေအောင် ပြည်သူလူထုတစ်ရပ်လုံးကိုသော်လည်းကောင်း၊ ကျောင်းသားလူငယ်များကိုသော်လည်းကောင်း အသိပညာဖြန့်ဖြူးပေးဝေခြင်း၊ ပညာပေးစည်းရုံးခြင်းများကို အလေးထားဆောင်ရွက်ကြရန် မလွဲမသွေလိုအပ်ကြောင်း၊ ထိုသို့ ပြည်သူလူထုနှင့် လူငယ်ထုအတွင်း စည်းရုံးလှုံ့ဆော်ပညာပေးရာတွင် ထိရောက်အောင်မြင်မှု အရှိဆုံးဖြစ်သော စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာစသည့် အနုပညာနယ်ပယ်မှနေ ကျယ်ပြန့်စွာ စည်းရုံးလှုံ့ဆော်နိုင်ရန် နိုင်ငံအဝှမ်း ဖိတ်ခေါ်ပြိုင်ပွဲများကျင်းပပြီး ဆုရရှိသည့် ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ခြင်း အခမ်းအနားများ ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၁၃)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ကြောင်း၊ ယနေ့တွင်လည်း ဂုဏ်ပြုချီးမြှင့်ထိုက်သည့် ဆုရပုဂ္ဂိုလ်များအား ပြည်နယ်နှင့်တိုင်းအလိုက် ကျင်းပသောအခမ်းအနား၌ ဆုချီးမြှင့်သွားမှာဖြစ်ကြောင်း။

လျော့နည်းကျဆင်း

ယခုကဲ့သို့ နေ့ထူးနေ့မြတ်၌ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်အချို့ကိုလည်း အကျဉ်းချုပ်တင်ပြလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်ကစပြီး ချမှတ်ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ ပထမငါးနှစ် စီမံကိန်းကာလနှင့် ဒုတိယငါးနှစ် စီမံကိန်းကာလများ၏ အောင်မြင်မှုအပေါ်အခြေခံ၍ တတိယငါးနှစ် စီမံကိန်းကာလအတွင်း လုပ်ငန်းအဖွဲ့များအလိုက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း ဘိန်းနှင့်ဘိန်းဖြူထုတ်လုပ်မှု ယခင်ဆယ်စုနှစ်ကာလများနှင့် နှိုင်းယှဉ်ပါက သိသိသာသာ လျော့နည်းကျဆင်းခဲ့ပြီ ဖြစ်ကြောင်း။

ယင်းသို့ ကျဆင်းသည်ဆိုခြင်းကိုလည်း ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး UNODC က ထုတ်ပြန်သော ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာ (World Drug Report) ၌ ဖော်ပြထားကြောင်း၊ ယင်းကဲ့သို့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများ သိသိသာသာကျဆင်းသွားသော်လည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများနှင့် မသက်ဆိုင်ဘဲ ဓာတုပစ္စည်းများကို အခြေခံပြီး သိပ္ပံနည်းအရ ဖော်စပ်ထုတ်လုပ်သည့် ATS, ICE, Ecstasy စသော ခေတ်ပေါ်စိတ်ကြွရူးသွပ်ဆေးဝါးများ ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးမှု ရှိလာသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၉ ခုနှစ်အတွင်းက စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့် ကိရိယာများနှင့် ဓာတုပစ္စည်းများကို မြန်မာနိုင်ငံအတွင်း အများအပြား ဖမ်းဆီးရမိနိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အိမ်နီးချင်းနိုင်ငံများက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များနှင့် သတင်းအပြန်အလှန်ဖလှယ်ခဲ့ကြပြီး ပြည်တွင်း၊ ပြည်ပ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်နေသောအဖွဲ့များကို တိုးမြှင့်ဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း။

၂၀၁၀ ခုနှစ် နှစ်ဆန်းပိုင်း၌ ဆာဖရိုးလ်ကြွယ်ဝဆီဟုခေါ်သည့် ပစ္စည်းတစ်မျိုးကို ထိန်းချုပ်ဓာတုပစ္စည်းအဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်ရာတွင် အစပျိုးဓာတုပစ္စည်းအဖြစ် လမ်းလွှဲအသုံးပြုမှုမဖြစ်အောင် တားဆီးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းပပျောက်ရေးအတွက် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေးနှင့် ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေး လုပ်ငန်းများကိုလည်း လုပ်ငန်းအဖွဲ့များက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

သုံးစွဲမှုလျော့နည်းပပျောက်ရေးနှင့် ဆက်နွှယ်သည့် မူးယစ်ဆေးဝါး အကြောအတွင်း ထိုးသွင်းသူများကတစ်ဆင့် HIV/AIDS ရောဂါ ကူးစက်မှုအန္တရာယ် လျော့နည်းပပျောက်ရေးကိုလည်း နိုင်ငံတော်အနေဖြင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို မိမိတို့တစ်နိုင်ငံတည်း ဆောင်ရွက်၍မရဘဲ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်ကို သိရှိနားလည်ထားသည်နှင့်အညီ ဒေသတွင်း၊ ဒေသခွဲအတွင်း နားလည်မှုစာချွန်လွှာ (MoU)၊ နှစ်နိုင်ငံသဘောတူညီချက်၊ အိမ်နီးချင်းနိုင်ငံများနှင့် Bilateral Agreement များ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိကြောင်း။

ဖျက်ဆီးဆောင်ရွက်ခဲ့

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မဲခေါင်ဒေသခြောက်နိုင်ငံ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပြီး ၁၉၉၅ ခုနှစ်မှစ၍ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)က နည်းပညာအကူအညီဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဒေသတွင်းစီမံချက်ကို တက်ကြွစွာ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ၎င်းအပြင် ASEAN အဖွဲ့ဝင်ဖြစ်လာပြီးနောက် ASEAN နိုင်ငံများနှင့်လည်း ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ပူးတွဲ၍ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသ ဘိန်းစိုက်ပျိုးမှုကို ဂြိုဟ်တုဓာတ်ပုံဖြင့် ပူးပေါင်းတိုင်းတာရန် နားလည်မှုစာချွန်လွှာအရ ဂြိုဟ်တုဓာတ်ပုံနှင့် မြေပြင်တိုင်းတာမှုများကို ဆောင်ရွက်ခဲ့ပြီး တွေ့ရှိခဲ့သည့် ဘိန်းခင်းများကိုလည်း တားဆီးနှိမ်နင်းရေးအဖွဲ့များအား သတင်းချပြ ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့် ခြင်းနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်သည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်သည့်အခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူ ၁၆၈ ဦး၊ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၁၆ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၄၂ ဦးနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၆၀ တို့အတွက် ပညာသင်ထောက်ပံ့ကြေး များကို ပေးအပ်သည်။

ယင်းနောက် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား လေးဘာသာ ဂုဏ်ထူးရှင် မကြည်သန့်စင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုအခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးအပါအဝင် ကျောင်းသား၊ ကျောင်းသူ ၇၈၆ ဦးတို့အတွက် ထောက်ပံ့ချီးမြှင့်ငွေ စုစုပေါင်းမှာ ငွေကျပ် ၇၅၇၂၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Chariot Micro Bus (a) MPV မော်တော်ယာဉ်များ တပ်မတော်ခန်းမ၌ ပြသရောင်းချလျက်ရှိ

ရန်ကုန် ဇွန် ၂၆

ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိသော "Auto Mobile & Living Products Show" ပြပွဲတွင် ရမ္မာ မော်တော်ယာဉ်ထုတ်လုပ် ရောင်းချရေး ကုမ္ပဏီလီမိတက်က Chariot Micro Bus (a) MPV မော်တော်ယာဉ် အမျိုးအစားများကို သက်သာသည့် အထူး ဈေးနှုန်းများဖြင့် ပြသရောင်းချလျက် ရှိကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်များကို Japan Mitsubishi Motor Co., Ltd. ၏ Brand New Engine၊ မော်တော်ယာဉ် ဆက်စပ်ပစ္စည်းများနှင့် နည်းပညာများကို အသုံးပြုပြီး ပြည်တွင်းတွင် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ထားကြောင်း၊ မော်တော်ယာဉ် အမျိုးအစားများကို အဆင့်သုံးဆင့် ခွဲခြားသတ်မှတ်ထားပြီး Grade 1 အမျိုးအစားကို ငွေကျပ်သိန်း ၆၃၀၊ Grade II အမျိုးအစားကို ငွေကျပ်သိန်း ၅၈၀ နှင့် Grade III အမျိုးအစားကို ငွေကျပ်သိန်း ၅၃၀ သတ်မှတ်ထားကြောင်း၊ ပြပွဲရက်များအတွင်း အထူး သက်သာသည့်နှုန်းထားများ အပြင် ဖျော်ဖြေပွဲများလည်း ရှိကြောင်း၊ ပြပွဲ စတင်ဖွင့်လှစ်သည့်နေ့မှာပင် လာရောက်ကြည့်ရှု ဝယ်ယူအားပေးကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း၊ မော်တော်ယာဉ် ဝယ်ယူအားပေးသူများအနေဖြင့် Brand New ဖြစ်ခြင်း၊ ဘယ်မောင်းဖြစ်ခြင်း၊ ပြည်တွင်းမှ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ထားခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ ဒီဇိုင်းပုံစံကောင်းခြင်းတို့ကြောင့် ကြိုက်နှစ်သက်ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိသော Auto Mobile & Living Products Show ပြပွဲတွင် ရမ္မာမော်တော်ယာဉ် ထုတ်လုပ်ရောင်းချရေး ကုမ္ပဏီလီမိတက်က Chariot Micro Bus (a) MPV မော်တော်ယာဉ် အမျိုးအစားများကို ပါဝင်ပြသရောင်းချစဉ်။ (သတင်းစဉ်)

☆ **စာမျက်နှာ ၆ မှ**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်နေသကဲ့သို့ မိမိနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအားအရင်းအမြစ်များအပေါ် အခြေခံ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံးကလည်း ကုလသမဂ္ဂ၏ ၂၀၁၀ ခုနှစ် ဆောင်ပုဒ်ဖြစ်သော "ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆိုရှောင်ကြစို့" "THINK HEALTH not drugs" ဆောင်ပုဒ်နှင့်အညီ လူသား တစ်ရပ်လုံး၏ဘဝ၊ ပတ်ဝန်းကျင်တစ်ခုလုံး ကျန်းမာပျော်ရွှင်စွာနေနိုင်ရေးအတွက် မူးယစ်ဆေးဝါး၏ အန္တရာယ်ကင်းဝေးစေရန် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်း တိုက်ဖျက် ကာကွယ်သွားကြရန် အလေးအနက် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ ခေတ္တဌာနေကိုယ်စားလှယ် Mr. Bhairgja Panday က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ၌ ဆုချီးမြှင့်ရန်အတွက် အလှူငွေများကို ပေးအပ်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime) ကိုယ်စား UNODC ရုံးမှ တာဝန်ခံအရာရှိ ဒေါ်ခင်လှမွန်က ငွေကျပ် ၂၅ သိန်း၊ ဦးဝင်းမြတ်ထွန်း (UPG) က ငွေကျပ် ၁၅ သိန်း၊ ဦးအောင်သူ (Europe & Asia Commercial Company) က ငွေကျပ် ၁၀ သိန်း၊ ဦးခင်အောင် (United MP Borther Company)၊ ဦးအောင်ကျော်မြင့် (စိန်နှင့်မြကုမ္ပဏီ)နှင့် ဒေါက်တာမောင်ကျော် (Substance Abuse Research Association) တို့က ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အပြည်ပြည် ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်း အမှတ်ပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိကြသော ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာပြပွဲ၌ ပြသထားသည့် SHINE CONSTRUCTION ၏အရောင်းပြခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်- ယောဆရာတော်ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၇။ အကပြိုင်ပွဲ
- ၈း၂၀ ၈။ "ကောင်းခြင်းဝေဖြာ"
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၂၀)**
- ၁၂း၃၀ ၅။ Golf Magazine(TV)
- ၁၂း၅၀ ၆။ **(၂၀၀၇)ခုနှစ်၊ ဇူလိုင်လ (၃)ရက်မြန်မာအမျိုးသမီး များနေ့အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲနှင့် ပဒေသာကပွဲ**
- ၂း၃၀ ၇။ "မြေဆီစိုခိုက်သစ်ပင်စိုက်စို့ လူတိုင်းပါဝင်ဆောင်ရွက်စို့"
- ၂း၄၀ ၈။ ရောင်စုံရေးသီတေးပန်းချီ
- ၂း၅၅ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၁၅ ၃။ အတီးပြိုင်ပွဲ
- ၄း၂၀ ၄။ တေးဂီတအစီအစဉ်
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာစာ အထူးပြု) (မြန်မာစာ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ "ကမ္ဘာ့ဖလားပုံရိပ်များ" (အပိုင်း-၄)
- ၅း၀၀ ၈။ Football Planet(၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြို သုံးသပ်ချက်)
- ၅း၂၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကာတွန်းအစီအစဉ် "BUGS' ADVENTURES"(အပိုင်း-၁၇)
- ၆း၄၀ ၁၃။ တစ်မျက်နှာတစ်ကွက်စာ "ဟန်ဆောင်ကောင်းသူ" (ရန်နိုင်၊ မေ)[ဒါရိုက်တာ-မေတင် (MMG)]
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတာခွင့်လွှတ်ပါ" (အပိုင်း-၁၆)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ထာဝရတို့မြေအလှ [(ဟေမာနေဝင်း၊ တေးရေး-ပက်ထရစ် (မိုးသောက်ပန်း)]
- ၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၃၇)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အရွယ်လွန်ချစ်အိပ်မက်" (အပိုင်း-၂၀)**
- ၂၁။ ရုပ်သံကြယ်ပွင့်များ
- ၂၂။ အစီအစဉ်ပြီး၏။

မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာပြပွဲ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသ

ရန်ကုန် ဇွန် ၂၆

CONQUEST ORGANIZING GROUP က ကြီးမှူး၍ SHINE CONSTRUCTION ၏ အဓိကပံ့ပိုး ကူညီမှုဖြင့် မော်တော်ယာဉ်နှင့် နေထိုင်မှု ဆိုင်ရာပြပွဲကို ဇွန် ၂၆ ရက်မှ ၂၈ ရက် အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆နာရီ အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရ လမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်း ပြသလျက်ရှိသည်။

အဆိုပါပြပွဲတွင် SHINE CONSTRUCTION GROUP ၏အရောင်း ပြခန်းများနှင့်အတူ RAMMAR AUTOMOBILE ကားပြခန်း၊ SUPER SEVEN STAR ကားပြခန်း၊ CCS ကား အလှဆင် ပစ္စည်းပြခန်းများ၊ Best Luck Co., Ltd. NAING BROTHER Co., Ltd. မြန်မာအော်တိုမိုဘိုင်းဂရုပ် တို့ ၏ တာယာပြခန်းများ၊ MSP (ပန်းတိုင်သစ်)၊ အောင်သိန်းသန်းတို့၏ အင်ဂျင်ဝိုင် ပြခန်းများ၊ TOYO, HEIN (YUKON) တို့၏ ဘက်ထရီအိုးပြခန်းများ၊ MNZ ၏ ငွေရေစက်အရောင်းပြခန်း၊ THREE FRIENDS Co., Ltd. ၏ အဝတ်ခြောက်စက်၊ ခြင်ဖမ်းစက်အရောင်းပြခန်း၊ Home Glory, Universal Light Co., Ltd. Home Distribution, စိန်နှင့်မြ ကုမ္ပဏီတို့၏ ပရိဘောဂပြခန်းများ၊ Zulux, Auto Star တို့၏ Car Audio အရောင်းပြခန်းများ၊ True Value Home / Office Security System ပြခန်းများနှင့်အတူ အခြားစိတ်ဝင်စားဖွယ်ရာ ပြခန်းများတို့ကို ခင်းကျင်းပြသထားရာ မည်သူမဆို အခမဲ့ ဝင်ရောက်လေ့လာ ကြည့်ရှုဝယ်ယူနိုင် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်
ကင်းစင်
အောင်ပွဲဆင်

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် လူထုလမ်းလျှောက်ပွဲ နေပြည်တော်၌ ကျင်းပဆင်နွှဲ

နေပြည်တော် ဇွန် ၂၆

၂၀၁၀ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် လူထုလမ်းလျှောက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် နေပြည်တော် မြို့မဈေးစုရပ်မှ စတင်တာထွက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်ပါဝင်ဆင်နွှဲသည်။

အဆိုပါ လမ်းလျှောက်ပွဲတွင် နေပြည်တော်ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှ အသင်းဝင်များ စုစုပေါင်းအင်အား ၁၂၀၀ ခန့်တို့သည် မြို့မဈေးရှေ့စုရပ်၌ နေရာယူထားကြပြီး နံနက် ၆ နာရီတွင် စတင်တာလွှတ်၍ တောင်ညို-ပျဉ်းမနားလမ်း အတိုင်း သပြေကုန်းအဝိုင်း၊ ထိုမှ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ရှေ့သို့ လမ်းလျှောက်ပန်းဝင်ကြရာ အားကစားဝန်ကြီးဌာနနှင့် အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရေသန့်များ ဧည့်ခံတိုက်ကျွေးကြသည်။

အလားတူပင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အသီးသီး၌ လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီး၌ လည်းကောင်း အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် လူထုလမ်းလျှောက်ပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

❀ ပဲခူးတိုင်းမှ

ပြည်မြို့ပေါ်တွင် လမ်းပေါင်း ၁၆၁ လမ်းရှိသည်။ တိုင်းမြို့တော် ပြည်မြို့ အစဉ်လှပသန့်ရှင်းရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှု၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ဖြင့် ပူးပေါင်း၍ မြို့သာယာလှပရေး နေ့စဉ် ကြိုးပမ်းဆောင်ရွက်နေသည်။

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့လူထု သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ကျောင်းကြီး အိုးတန်း၊ နဝင်း၊ ရွှေကူ၊ ဆံတော်၊ ဆင်စုနှင့် ရွာဘဲရပ်ကွက်ကြီး ခြောက်ရပ်ကွက်အား ရေဂါလန် ၁၂၈၀၀၀ ဆံ့ ရေစင်နှင့် ရေဂါလန် ၄၈၄၀၀၀ ရေစင်နှစ်စင်ဖြင့် မြစ်ရေပေးရေးလုပ်ငန်းမှ နေ့စဉ် ရေဂါလန်ပေါင်း ၉၀၀၀၀၀ ဖြန့်ဝေပေးနေသည်။ မြေအောက်ရေပေးရေးလုပ်ငန်းအဖြစ် ၁၀ လက်မ စက်ရေတွင်း ၁၁ တွင်း၊ ရှစ်လက်မ စက်ရေတွင်း နှစ်တွင်းနှင့် ငါးပွင့်ဆိုင်နှစ်တွင်းတို့မှ ခေတ္တရာမြို့သစ်၊ ရွှေတံခါး၊ ရွာဘဲ၊ ပြည်သာယာ၊ နဝင်း၊ ဆံတော် စသည့် ရပ်ကွက်တို့သို့ နေ့စဉ်ရေဂါလန် ၈၀၀၀၀၀ ပေးဝေလျက်ရှိသည်။ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်ရှိ လူဦးရေ ၁၁၁၆၅၇ ဦးတို့အား ရေစက်ရုံ ၁၅ ရုံ၊ ရေစင် ငါးစင်တို့မှ နေ့စဉ် ရေဂါလန် ၁၆ ဒသမ ကိုးသိန်းအား ဖြန့်ဝေပေးနေရာ မြို့လူထုမှာ ရေဖူလုံစွာ ရရှိနေပြီဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ရေဖြုန်းတီးမှုမရှိစေရေးအတွက် ခေတ်မီရေမီတာ ၃၆၇၇ လုံးဖြင့် ရေဖြန့်ဝေပေးနေသည်။ မြို့ပြရေပေးရေး ပိုမိုတိုးတက်ဖြန့်ဝေပေးနိုင်ရန်အတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ရေစစ်ကန် အဆင့်မြှင့်တည်ဆောက်ခြင်း ဆောင်ရွက်ပေးခဲ့သည်။

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့လူထုအတွက် ရေပေးရေးလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်ပေးနေသကဲ့သို့ ကျေးလက်ရေပေးရေးလုပ်ငန်းကိုလည်း ဦးစားပေးဆောင်ရွက်နေသည်။ ပြည်မြို့နယ်၌ ကျေးရွာပေါင်း ၂၆၁ ရွာမှ ပြည်သူလူထုအား သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့ရာ ကျေးရွာပေါင်း ၂၃၇ ရွာတွင် ရေပေးရေးလုပ်ငန်းပေါင်း ၃၁၄ ခု ဆောင်ရွက်ပြီးဖြစ်သဖြင့် ရာနှုန်းပြည့်ထက် ကျော်လွန်ဆောင်ရွက်ထားသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရသည်။ ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေပေးရေးလုပ်ငန်းအဖြစ် စက်ရေတွင်း ၁၆ တွင်း (တွင်းနက်)၊ ရေစက်ရုံ ၁၆ ရုံဆောက်ပေးခြင်း၊ အုတ်ရေကန် ၁၆ ကန် တည်ဆောက်ပေးခြင်း၊ တွင်းတိမ် ၁၇ တွင်း တူးပေးခြင်းလုပ်ငန်းများကို ငွေကျပ် ၄၀ ဒသမ ၀၃ သန်း အကုန်အကျခံ၍ တည်ဆောက်ပေးခြင်းဖြစ်သည်။

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပေါင်း ၁၆၁ လမ်းရှိသည့်အနက် ကတ္တရာလမ်း ၉၁ လမ်း၊ ကျောက်လမ်းနှင့် ဂဝံလမ်း ၃၅ လမ်းနှင့် မြေသားလမ်း ၃၃ လမ်းတို့အား အရှည်မိုင် ၅၆ မိုင်အထိ ပြုပြင်ထားသည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းကတ္တရာလမ်း ၁၄ လမ်း လေးမိုင် ၃ ဒသမ ၉၂ ဖာလုံနှင့် ကျောက်လမ်း ငါးလမ်း တစ်မိုင် ၅ ဒသမ ၃၆ ဖာလုံတို့ကို ငွေကျပ် ၂၃၈ ဒသမ၂၂ သန်း အကုန်အကျခံ၍ ဖောက်လုပ်ထားသည်။

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ္တရာမြို့သစ် ငါးလမ်းနှင့် ဘုရားနီးလမ်းနှင့် သိမ်လမ်းထောင့်တို့တွင် ကွန်ကရစ်တံတား နှစ်စင်းကို နဝင်းကွက်သစ် ၁၂ လမ်းနှင့် ခေတ္တရာမြို့သစ်တို့တွင် ရေပြွန် နှစ်ခု ရေကျော် ၁၀ခုတို့ကို စုစုပေါင်းငွေကျပ် ၃၃ ဒသမ ၆၈ သန်း အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့သည်။ ကျေးလက်လမ်းများကိုလည်း မြေသားလမ်း ၃၀၊ မြေနီလမ်း ၉၄ လမ်း၊ ကျောက်လမ်း ၁၈ လမ်းနှင့် ကတ္တရာလမ်း သုံးလမ်း စုစုပေါင်း ၁၇၂ မိုင် ၁ ဒသမ ၃၁ ဖာလုံကို ဖောက်လုပ်ပေးခဲ့သည်။

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းရေးအတွက် လမ်းဘေးရေမြောင်းများအား ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အဓိက ရေမြောင်းကြီးဖြစ်သော ဘူးခါးမြောင်းမကြီးတစ်လျှောက်မှ ပေ ၁၅၀၀၀ ခန့်အရှည်ရှိ ရေမြောင်းအပိုင်းကို အမှိုက်များ၊ ရွှံ့နွံ့များ၊ ရေဆိုးများ မရှိစေရန် တူးဖော်ပေးခဲ့သည်။ မြို့ပြသာယာလှပရေးအတွက် လမ်းဘေးဝဲ၊ ယာတွင် ပန်းအလှပင်များ၊ အရိပ်ရပင်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးထားသည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မင်းကြီးတောင်၊ မိချောင်းရဲ၊ ဆင်မကြပ်၊ ရှုခင်းသာပန်းခြံနှင့် လမ်းဘေး ဝဲ၊ ယာ ပန်းခုံများ၊ လမ်းလယ်ကျွန်းများ၊ တြိဂံများတွင် ပန်းအလှပင်ပေါင်း ၇၀၀၀၀၊ အရိပ်ရပင် ၂၀၀ တို့ကို စိုက်ပျိုးထားပြီး နှစ်ရှည်ပင်များကို ပြည်-ရန်ကုန်လမ်း၊ မင်းကြီးတောင်ခြေ၊ ခေတ္တရာဇရော ပန်းခြံ၊ ကမ်းနားလမ်းတစ်လျှောက်၊ ကန်လမ်း၊ ဗိုလ်ချုပ်လမ်းဘေး ဝဲ၊ ယာ၊ ခေတ္တရာရတနာမြို့တော်ခန်းမတို့တွင် အပင်ပေါင်း ၃၅၀ အား ပုံသွင်းပြုပြင်စိုက်ပျိုးထားသည်။

ပြည်မြို့ သာယာလှပရေးအတွက် လမ်းလယ်ကျွန်းများ၊ လမ်းဘေးပန်းခြံများတွင် ၁၂ လရာသီလုံး အပွင့်များ ပွင့်ဖူးဝေဆာနေစေရန်အတွက် အဖွဲ့ပိုင် ပျိုးဥယျာဉ် နှစ်ခု ထူထောင်ထားပြီး ပန်းအိ၊ နွယ်သာကီ၊ ခရာဝါ၊ စိန်တံချူ စိန်နားပန်၊ တရုတ်နှင်းဆီ၊ စက္ကူပျိုးပင်၊ မောနင်းကလိုရီ၊ ကစ်(စ်)မီ၊ ရွှက်လှစသည်ဖြင့် ပန်းပင် ၁၁၅၀၀၀ ပျိုးထောင်ထားပြီး ခေတ္တရာ ဇရောပန်းခြံ၊ ရတနာမန်အောင်ပန်းခြံ၊ ဗေဒါရီရှုခင်းသာပန်းခြံ၊ မြို့သစ်ပန်းခြံတို့တွင် ပန်းအလှပင်ပေါင်း ၃၀၀၀၀ အား ရွှေ့ပြောင်း စိုက်ပျိုးထားသည်။

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြသန့်ရှင်းရေးအတွက်လည်း မြို့ပေါ်ရှိ ဈေးများဖြစ်သော မြို့မဈေးကြီး၊ နဝင်းဈေး၊ အောင်မင်္ဂလာဈေး၊ ကသည်းဈေး၊ ကိုးသောင်းဈေး၊ အောင်မင်္ဂလာဈေး၊ ခေတ္တရာမြို့သစ်ဈေးများ သန့်ရှင်းရေး ကောင်းမွန်စေရန်အတွက် အဖွဲ့ပိုင်အမှိုက်သိမ်းယာဉ်နှစ်စီးဖြင့် ဈေးများမှ ထွက်ရှိသော အမှိုက်များကို နေ့စဉ်သိမ်းဆည်းပေးနေသကဲ့သို့ မြို့ပေါ်သန့်ရှင်းရေးအတွက်လည်း နေ့စဉ် အမှိုက်သိမ်းယာဉ် ငါးစီးဖြင့် လမ်းဘေး ဝဲ၊ ယာ အမှိုက်များကို ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ဖြင့် သိမ်းဆည်းလျက်ရှိသည်။

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ် (၁၀)ရပ်ကွက်ရှိ မြို့တွင်း မိလ္လာသိမ်းဆည်းခြင်းအား အဖွဲ့ပိုင် မိလ္လာယာဉ်ဖြင့် သိမ်းဆည်း၍ စနစ်တကျ စွန့်ပစ်ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေး၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ယင်လုံအိမ်သာ သုံးစွဲရေးအတွက် စနစ်တကျ ဆောင်ရွက်နေသည်။

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် လမ်းဘေးဝဲ၊ ယာတွင် ချုံနွယ်များ မရှိစေရန်အတွက် ဗိုလ်ချုပ်လမ်း၊ ပြည်-ရန်ကုန်လမ်း၊ လမ်းရှည်လမ်း၊ ကမ်းနားလမ်း၊ ရွှေတချောင်းလမ်း၊ မင်းကြီးတောင်၊ ဆင်မကြပ်တို့တွင် ပန်းဥယျာဉ် လုပ်သားများဖြင့် အမြဲမပြတ် နေ့စဉ်သန့်ရှင်းရေး ဆောင်ရွက်နေသည်။ မြို့ပြအင်္ဂါရပ်နှင့်အညီ သပ်ရပ်လှပစေရန်အတွက် မြို့အင်္ဂါရပ်နှင့် မညီသော အိမ်များပြုပြင်ရေး၊ အိမ်ခေါင်းမိုးများ၊ ခြံစည်းရိုးများ ဆေးသုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့က "မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်" ဆောင်ပုဒ်နှင့်အညီ မြို့ပြသန့်ရှင်းသာယာလှပစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အလျောက် ပဲခူးတိုင်း(အနောက်ပိုင်း) မြို့တော် ပြည်မြို့သည် အထူးစည်ကားဖွံ့ဖြိုးတိုးတက်နေသည့် မြို့ကြီးတစ်မြို့အဖြစ် ထင်ရှားစွာ ဖြစ်တည်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ပြည်မြို့အထွက်မှ နှုတ်ခွန်းဆက် မုခ်ဦးအား မြေယာရှုခင်းအလှနှင့် ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

ပေါင်းတလည်နှင့် ဝက်ထီးကန်သို့ ဆက်သွယ်သော တံတားဖြစ်ပြီး ကျေးရွာပေါင်းများစွာ ဆက်သွယ်သွားလာနိုင်သည်။ အလျားပေ ၁၆၀၊ အနံ ၁၅ ပေ ရှိသည်။

ဖလားဝါးနယူးစ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၆

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၂၇)၌ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ပလိပ်ရောဂါဖြစ်နိုင်ခြေရှိ၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်လို၊ ငှက်ပျောသီးတင်ကား အမှားကြောင့် ယာဉ်ငါးစီး ဆင့်တိုက်မှုဖြစ်ပွား၊ မြန်မာနိုင်ငံတွင် နှစ်အတန်ကြာ ပျောက်ကွယ်နေသော ရှားပါးငှက်မျိုး ပြန်ရှာတွေ့၊ လုပ်ငန်းရှင်အချို့ ပြည်ပမှ အောက်တိန်းဆီ စုပေါင်းမှာယူတင်သွင်းကာ ရောင်းချရန်စီစဉ်နေ၊ ထားဝယ်ဒေသရှိ မြို့ဟောင်းများမှ ရှေးဟောင်းဒင်္ဂါးများနှင့် ထူးခြားဆန်းပြားဆေးတံများ၊ ရွှေ့လျားမြေပုံတိုင်းစနစ်ပါ ဝက်ဝွန်အမျိုးအစား ဂျပန်နိုင်ငံထုတ် မော်တော်ယာဉ်များ တင်သွင်းမည်၊ ဂျပန်တုပ်ကွေး သတိပြုသင့်၊ ဆေးပညာရပ်ဆိုင်ရာများအတွက် အမေရိကမှ တိုက်ရိုက်ပေးအပ်မည့် အောင်လက်မှတ်နှင့် လိုင်စင်အား ပြည်တွင်းတွင် သင်ကြားဖြေဆိုနိုင်ပြီ၊ သူတို့လိုလူများလည်း ရှိပါသည်၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော စံချိန်တင်မိုးရွာသွန်းမှုကြောင့် မြစ်ရေများမြင့်တက်ကာ ရေလမ်းကြောင်း ပျောက်ကွယ်မှုများ ဖြစ်ပေါ်ခဲ့ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ တာအိုဝါဒ၏ အနာဂတ်ကို ရှာဖွေခြင်း Myanmar DISCOVERY၊ 'ကျွန်တော်တို့အားလုံးရဲ့ တူညီတဲ့ရည်ရွယ်ချက်ကတော့ စစ်ဆိုတာကို ဒီကမ္ဘာမှာ နောက်ထပ်မဖြစ်ချင်တော့ပါဘူး' သူ့ဘဝသူ့ဒဿနကဏ္ဍ၊ နိုင်ငံခြားသားနှင့်လက်ထပ်မှုနှင့် လူကုန်ကူးခံရမှုကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

'ကိုရီးယားကျွန်းဆွယ် ထာဝရငြိမ်းချမ်းရေး' နိုင်ငံတကာဆောင်းပါးနှင့်အတူ ကမ္ဘာ့ဖလားရယ်. . ရှင့်ကြောင့် ကျွန်မအသည်းတွေ ကွဲကြေခဲ့ရပြီ၊ အာဖဂန်နစ္စတန်နှင့်ပတ်သက်၍ ဗြိတိသျှအစိုးရက ခြေလှမ်းသစ်တစ်ရပ်ဖြင့် ချဉ်းကပ်ရန်ပြင်ဆင်၊ တရုတ်နည်းပညာ ကုမ္ပဏီတို့က နိုင်ငံရပ်ခြား ဈေးကွက်အထိ တိုးချဲ့၍ ဘက်ပြိုင်အန်တု၊ အင်ဒိုနီးရှား သမ္မတ ယူဒိုယိုနိုက အင်တာနက်ကို တင်းကျပ်သော စည်းမျဉ်းများဖြင့် ထိန်းချုပ်ရန်လိုလား၊ စင်ကာပူဈေးဝယ်ဆိုင်များ မိုးရေကြီးခြင်းဘေးနှင့် ကြုံတွေ့ခဲ့ရ၊ အိန္ဒိယနိုင်ငံတွင် ကမ္ဘာ့တတိယ အကြီးမားဆုံးလေဆိပ်ကြီး စတင်ဖွင့်လှစ်တော့မည်၊ အာရှသည် စီးပွားရေးစွမ်းစွမ်းတမံ ထုတ်လုပ်ရာဒေသကြီး ဖြစ်လာလိမ့်မည်ဟု IMF ရှုမြင်၊ ဒေါ်လာတန်ဖိုး ကျဆင်းခြင်းက ဒေါ်လာကိုင်ဆောင်၍ ရောင်းဝယ်ဖောက်ကားရာတွင် စိုးရိမ်မှုကို သက်သာလျော့ပါး၊ Newsweek အား ဝယ်ယူရန် တရုတ်မီဒီယာအုပ်စု၏ ဈေးပြိုင်ကမ်းလှမ်းမှုအရေးနိမ့် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် တိုင်းမှူးတို့သည် ပိတောက်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့်မိသားစုများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် အော်ရေးရှား၊ မဲဇလီ၊ ခါတော်မီ၊ ပိတောက်နှင့် ကံ့ကော်ပျိုးပင်များ စိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ ကျိုင်းတုံမြို့ ကွန်ပျူတာတက္ကသိုလ် ဥပစာ၌ ကျင်းပသော ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးပင်များကို တာဝန်ရှိသူများ ထံပေးအပ်ကာ ကံ့ကော်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကျိုင်းတုံလေယာဉ်ပြေးလမ်းတိုးချဲ့ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာက လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နေမှု၊ လေယာဉ်ပြေးလမ်း ထပ်မံတိုးချဲ့ရန် လျာထားဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က စီမံကိန်းဆိုင်ရာလုပ်ငန်း လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားကာ လေယာဉ်ပြေးလမ်း အခြေအနေနှင့် လေယာဉ်ပြေးလမ်းထပ်မံတိုးချဲ့ရန် လျာထားသည့် မြေကြီးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

စစ်ကိုင်းခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းခွင် ရက်တိုသင်တန်းဖွင့်

ရန်ကုန် ဇွန် ၂၆

စစ်ကိုင်းတိုင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ လုပ်ငန်းခွင် ရက်တိုသင်တန်းဖွင့်ပွဲကို ဇွန် ၁၈ ရက်တွင် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များက လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန်များနှင့် ကော်မရှင်အဖွဲ့ခွဲဝင်များ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပို့ချကြသည်။ အဆိုပါ ရက်တိုသင်တန်းသို့ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ စစ်ကိုင်း၊ မြင်းမူနှင့် မြောင်မြို့နယ်တို့မှ ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ မှန်တိုင်းမိ၍မှ

တက်မကျိုးနေတဲ့အတွက် အထိန်းအချုပ်မရှိ မျောနေတာ။ အဲဒါကို ဦးဇော်အောင်က ဦးဆောင်ပြီး ခက်ခက်ခဲခဲနဲ့ ကယ်တင်လိုက်ရတာဖြစ်တယ်။ အခန့်မသင့်ရင် အဲဒီရွက်သင်္ဘောပေါ်က လူတွေအားလုံး အသက်သေဆုံးရနိုင်တယ်။ ဒါ့အပြင် ကယ်တဲ့သူတွေလည်း အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်တယ်။ သမုဒ္ဒရာထဲမှာ ကယ်တင်ရတာအလွန်ကို အန္တရာယ်များပါတယ်။ ခုလိုဖြစ်ရပ်ဟာ မြန်မာတွေအတွက် အရမ်းကိုဂုဏ်ယူစရာကောင်းတဲ့ လုပ်ရပ်တစ်ခုဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း (MOSA)မှ တာဝန်ရှိသူတစ်ဦးက ဖြစ်စဉ်နှင့်ပတ်သက်၍ သုံးသပ်ပြောကြားသည်။

ယင်းအပျော်စီး ရွက်သင်္ဘောသည် ဇွန် ၉ ရက် ညပိုင်းတွင် မုန်တိုင်းမိကာ ယင်းမုန်တိုင်းဒဏ်ကြောင့် တက်မကျိုးပြီး သမုဒ္ဒရာအတွင်း အထိန်းအကွပ်မဲ့ လွင့်မျောနေခဲ့ရာမှ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့(Maritime and Coastguard Agency-MCA)နှင့် အဆက်အသွယ်ရရှိခဲ့ကြောင်း၊ ယင်းတပ်ဖွဲ့က အနီးဆုံးရှိနေမည့်သင်္ဘောကို ရှာဖွေရာတွင် ယခု မြန်မာကပ္ပတိန် ဦးဆောင်သည့် ဓာတုပစ္စည်းတင်သင်္ဘော MTM Princess ကိုတွေ့ရှိ ဆက်သွယ်အကြောင်းကြားခဲ့ရာမှ သိရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ သိရှိပြီးနောက် မြန်မာကပ္ပတိန် ဦးဇော်အောင် ခေါင်းဆောင်သည့် သင်္ဘောသားအဖွဲ့မှ ရာသီဥတုဆိုးရွားနေသည့်ကြားမှ ခက်ခက်ခဲခဲဖြင့် အသက်စွန့်ကာ ကယ်တင်ခဲ့ရခြင်းဖြစ်ကြောင်း၊ အပျော်စီးရွက်သင်္ဘောပေါ်တွင် ပါလာသည့် ဗြိတိန်နိုင်ငံသား လေးဦးစလုံးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ကြောင်း မြန်မာကပ္ပတိန် ဦးဇော်အောင်က ထိုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း (MOSA) သို့ပေးပို့သည့် အီးမေးလ်တွင် ဖော်ပြပါရှိသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍**“သူများဒုက္ခရောက်တာကို ကိုယ့်သင်္ဘောသားတွေက ကယ်တင်ခဲ့ရတဲ့အတွက် ချီးကျူးရမှာပါ။ ကိုယ့်ရဲ့အသင်းဝင်၊ အသင်းသားဖြစ်သူတွေက ဒါမျိုးလုပ်ပေးနိုင်ခဲ့တဲ့အတွက်တော့ ဂုဏ်ယူပါတယ်။ နောက်တစ်ခုက သင်ကြားခဲ့မှုတွေကို လိုက်နာလေ့ကျင့်ခဲ့လို့ ခုလို အောင်မြင်မှုရတာဖြစ်တဲ့ အတွက်လည်း အသင်းအနေနဲ့ရော၊ သင်္ဘောသားထုအနေနဲ့ပါ ချီးကျူးပါတယ်။ ဒီလိုဖြစ်ရပ်မျိုးက ၂၀၀၈ ခုနှစ်ကလည်း ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီတုန်းကတော့ နိုင်ငံတကာ ရေကြောင်းအဖွဲ့ချုပ်က ဆုပေးတာမျိုး ရှိခဲ့ဖူးတယ်။ ဒါမျိုးလုပ်ရပ်တွေက ကောင်းတဲ့လုပ်ရပ်ဖြစ်ပါတယ်။ ကမ္ဘာကလည်း သိရှိတဲ့ လုပ်ရပ်မျိုးဖြစ်တယ်။ သူတို့ပြန်ရောက်လာရင်တော့ အခမ်းအနားတစ်ခုတော့ လုပ်ပေးဖြစ်မှာပါ”**ဟု မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း (MOSA)မှ အတွင်းရေးမှူး ဦးစိုးမင်းအောင်က ပြောကြားသည်။

မုန်တိုင်းမိ အပျော်စီးရွက်သင်္ဘောပေါ်မှ ကယ်ဆယ်ခဲ့သည့် ဗြိတိန်နိုင်ငံသား အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား မြန်မာကပ္ပတိန် ဦးဇော်အောင်နှင့်အတူ တွေ့ရစဉ်။

ခမ်းခမ်းနားနားဖော်ပြ

ဗြိတိန်နိုင်ငံသား လေးဦးပါဝင်သည့် အပျော်စီးရွက်သင်္ဘောသည် စပိန်နိုင်ငံအနောက်မြောက်ဘက် မိုင် ၃၀၀ အကွာ၌ မုန်တိုင်းမိခဲ့ခြင်းဖြစ်ပြီး ယင်းမုန်တိုင်းဒဏ်ကြောင့် သင်္ဘောတက်မ ကျိုးသွားရာမှ ဦးတည်ရာမဲ့ လွင့်မျောနေခြင်းဖြစ်ကြောင်း၊ မြန်မာသင်္ဘောသား ကပ္ပတိန် ဦးဆောင်သည့် MTM Princess သည် ယင်းအချိန်တွင် **Santander** သို့ ဦးတည်သွားရောက်နေချိန်ဖြစ်ကြောင်း၊ အပျော်စီးရွက်သင်္ဘောပေါ်တွင်ပါလာသည့် **ဗြိတိန်နိုင်ငံသားအမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်းလေးဦးဖြစ်ပြီး ၎င်းတို့မှာ Mr. MICHAEL HENRY ARNOLD အသက်(၇၅)နှစ်၊ Ms.BARBARA MARY ARNOLD အသက်(၆၆)နှစ်၊ Mr.DAVID STEPHEN JOHNSON အသက်(၅၈)နှစ်၊ Ms. ANGELA JOAN JOHNSON အသက် (၅၈)နှစ်တို့ ဖြစ်ကြောင်း၊** ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံတွင် ထုတ်ဝေသည့် Fair Play မဂ္ဂဇင်းက ချီးကျူးဂုဏ်ပြုသောအားဖြင့် ယင်းမဂ္ဂဇင်းတွင် ခမ်းခမ်းနားနားဖြင့် ပုံနှိပ်ဖော်ပြပေးခဲ့ကြောင်း၊ ယခုရက်ပိုင်းအတွင်း အခြားသောမီဒီယာများတွင်လည်း ဖော်ပြပေးမှုများရှိခဲ့ကြောင်း သိရသည်။

ဥရုဂွေးအတွက် အဖွင့်ဂိုးကို ဆူရာရက်ဇ် ဤကဲ့သို့ သွင်းယူခဲ့သည်။

တောင်ကိုရီးယားကို အနိုင်ယူပြီး ဥရုဂွေး ကွာတားဖိုင်နယ်တက်ပြီ

ဂျိုဟန်နက်စဘတ် ဇွန် ၂၆

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆သင်း ရှုံးထွက်အဆင့်ပြိုင်ပွဲအဖြစ် တောင်အမေရိကဇုန်က ဥရုဂွေးနဲ့ အာရှဇုန်က တောင်ကိုရီးယားတို့ ယှဉ်ပြိုင်ကစားကြရာ ဥရုဂွေးက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။

ဒီပွဲဟာ ရှုံးထွက်ပွဲဖြစ်တာနဲ့အညီ နှစ်သင်းလုံးလူစုံထုတ် ပွဲထွက်လာကာ ပြိုင်ဆိုင်မှုကလည်း ပြင်းထန်ခဲ့ပါတယ်။ ဥရုဂွေးမှာ လူဂါနို၊ ဂိုဒင်၊ ဖူစီလီ၊ ကာဗာနီ၊ ဆူရာရက်ဇ်၊ ဖော်လန်၊ ပီရီယာ၊ ပီရက်ဇ်နဲ့ ဂွန်ဇာလက်ဇ်တို့ ပထမပွဲထွက်လူစာရင်းမှာ ပါဝင်လာခဲ့ပြီး တောင်ကိုရီးယားမှာ ချိုယောင်ယန်း၊ ပက်ဂျီဆန်၊ ကင်ဂျန်ဝူး၊ ပက်ချူယောင်၊ လီယောင်ပျို၊ ကင်ဂျီဆောင်၊ လီချောင်ဆူး၊ လီချောင်ယန်နဲ့ ချာဒူရီတို့ ပါဝင်ခဲ့ပါတယ်။

တောင်ကိုရီးယားထက် ပညာသမ္ဘာသာတဲ့ ဥရုဂွေးဟာ ပွဲအစ ၈မိနစ်မှာပဲ အဖွင့်ဂိုး စတင်ရရှိခဲ့ပါတယ်။ ဒီဂိုးကတော့ ဘယ်ခြမ်းကဖော်လန် ဂိုးရှေ့ထိုးပေးတာကို ဆူရာရက်ဇ်က အသာပိတ်သွင်းယူခဲ့တာပဲ ဖြစ်ပါတယ်။ မိနစ် ၂၀ နောက်ပိုင်းမှာ တောင်ကိုရီးယား ကစားကွက်မိမိနဲ့ ဥရုဂွေးဘက်ကို ပြန်လည်ထိုးဖောက်တိုက်စစ်ဆင်နိုင်ခဲ့ပေမယ့် ပထမပိုင်းမှာ ချေပဂိုးပြန်လည်သွင်းယူနိုင်ခြင်းမရှိခဲ့ပါဘူး။

ဒုတိယပိုင်းမှာ ဥရုဂွေးက ခံစစ်အသွင်နဲ့ ကစားလာတာကြောင့် တောင်ကိုရီးယားတို့ ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူပြီး ကွင်းတစ်ဝက်ဖိကစားလာနိုင်ခဲ့ပါတယ်။ ဒါကြောင့်ပွဲချိန် ၆၈ မိနစ်မှာ လီချောင်ယန်က ခေါင်းတိုက်ပြီး ချေပဂိုးရယူနိုင်ခဲ့ပါတယ်။ ချေပဂိုးပေးလိုက်ရတဲ့ ဥရုဂွေးဟာ အနိုင်ဂိုးပြန်လည်ရရှိရေးအတွက် တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန်မိနစ် ၈၀ မှာ ဆူရာရက်ဇ်က လှလှပပကန်သွင်းယူနိုင်ခဲ့တာကြောင့် ပွဲအပြီးမှာ ဥရုဂွေးက နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ပါတယ်။ ဒီပွဲရဲ့အကောင်းဆုံးကစားသမားဆုကို ဥရုဂွေးမှ ဆူရာရက်ဇ်က ရရှိခဲ့ပါတယ်။

ဂျာမနီနှင့်အင်္ဂလန်၊ အာဂျင်တီးနားနှင့် မက္ကဆီကိုတို့ ယှဉ်ပြိုင်ကြမည့် ၁၆သင်း ရှုံးထွက်အဆင့် ဒုတိယနေ့ပွဲစဉ်များ

၁၆သင်း ရှုံးထွက်အဆင့် ဒုတိယနေ့ပွဲစဉ်များအဖြစ် ဂျာမနီနဲ့ အင်္ဂလန် ထိပ်တိုက်တွေ့ဆုံတဲ့ပွဲနဲ့ အာဂျင်တီးနားနဲ့ မက္ကဆီကိုတို့ တွေ့ဆုံမှာဖြစ်တာကြောင့် ကွာတားဖိုင်နယ်တက်ရောက်နိုင်မယ့်အသင်းကို ရင်ခုန်စွာနဲ့ စောင့်ကြည့်ရတော့မှာပါ။

ဂျာမနီ - အင်္ဂလန်
၂၇-၆-၂၀၁၀ (တနင်္ဂနွေနေ့)
ည ၈း၃၀ နာရီ

အုပ်စု (D)က အုပ်စုဗိုလ်နဲ့ တက်လာတဲ့ ဂျာမနီမှာ ဖိလစ်လမ်း၊ အိုဇီ၊ ရှဝိန်းစတိုင်ဂါ၊ ကာကူး၊ ကလိုဆေး၊ မူလားနဲ့ ပိုဒေါစကီးတို့လို အတွေ့အကြုံရင့်ကျက်တဲ့ ကစားသမားကောင်းတွေရှိနေသလို အုပ်စု (C)က အုပ်စုဒုတိယနဲ့တက်လာတဲ့ အင်္ဂလန်ကလည်း ကမ္ဘာကျော်အများစု ပါဝင်ဖွဲ့စည်းထားတဲ့ အသင်းပါ။ နှစ်သင်းလုံးပညာ၊သမ္ဘာပြည့်ဝကြတာကြောင့် တစ်သင်းရဲ့အမှားကို တစ်သင်းစောင့်ကြည့်ရင်း ထိန်းကစားလာဖို့ ရှိနေပါတယ်။ ဂျာမနီက လျင်မြန်သွက်လက်မှုရှိတယ်ဆိုပေမယ့် ကစားသမားတွေရဲ့ တစ်ဦးချင်းစွမ်းရည်မှာ ဂျရတ်ဦးဆောင်တဲ့ အင်္ဂလန်က သာပါတယ်။ အင်္ဂလန်နည်းပြကာပယ်လိုအနေနဲ့ ဒီပွဲမှာ ဒီဖိုးနဲ့ ဝိန်းရွှန်နေးတို့ တိုက်စစ်အတွဲကိုသာ ထုတ်သုံးမယ်ဆိုရင် အင်္ဂလန်အသင်း ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ဖို့ အခွင့်အလမ်းရှိနေမှာပါ။

အာဂျင်တီးနား - မက္ကဆီကို
၂၈-၆-၂၀၁၀ (တနင်္လာနေ့)
နံနက် ၁ နာရီ

အုပ်စု (B) မှာ ခြေစွမ်းပြပြီး အုပ်စုဗိုလ်နဲ့တက်လာတဲ့ အာဂျင်တီးနားမှာ ဒီမာရီယာ၊ ဗီရွန်၊ ဘိုလက်တီ၊ မာရှေယာနိုတို့လို စုစည်းမှုအားကောင်းတဲ့ ကွင်းလယ်ကစားသမားတွေရှိနေသလို အဂူရို၊ ဟီဂွာရင်၊ မက်ဆီ၊ မီလီတို၊ ပါလာမိုနဲ့ တီဗက်ဇ်တို့လို ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတွေလည်း ရှိနေပါတယ်။ အုပ်စု (A)က ဒုတိယနဲ့ တက်လာတဲ့ မက္ကဆီကိုကလည်း တိုရာဒို၊ ဘလန်ကို၊ ဖရန်ကို၊ ဆဲလ်စီဒိုတို့နဲ့ အသင်းလိုက်စုဖွဲ့မှု အားကောင်းနေပြီး ကွင်းလယ်ကစားသမား ဒေါ့စ်ဆန်းတို့စ် အထူးခြေစွမ်းပြနေပါတယ်။ မက္ကဆီကိုဟာ အာဂျင်တီးနားကို ကွင်းလယ်ကစားကွက်ပိုင်းမှာ ယှဉ်နိုင်ဖွယ်ရှိပေမယ့် တိုက်စစ်ထက်မြက်လှတဲ့ အာဂျင်တီးနားပဲ နောက်တစ်ဆင့်တက်သွားမှာပါ။

ဝင်းတင်(ကြေးမုံ)

စပိန်အုပ်စုဗိုလ်ဖြစ်

အုပ်စု (H)ရဲ့ နောက်ဆုံးပွဲစဉ်များကို စနေနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်က ချီလီကိုနှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ရာမှာ စပိန်အတွက် ဂိုးများကို ပွဲချိန် ၂၄ မိနစ်မှာ ဒေးဗစ်ဗီလာနဲ့ ၃၇ မိနစ်မှာ အင်နီယေစတာတို့က သွင်းယူပေးခဲ့ပြီး ချီလီအတွက် ဂိုးကို ပွဲချိန် ၄၇ မိနစ်မှာ မီလ်လာက သွင်းယူပေးခဲ့ပါတယ်။ ဆွစ်ဇာလန်နဲ့ ဟွန်ဒူးရပ်စ်တို့ပွဲမှာ ဂိုးမရှိ သရေကျခဲ့ပါတယ်။

အုပ်စု (H) ပွဲစဉ်များအပြီးမှာ စပိန်က အုပ်စုဗိုလ်၊ ချီလီက အုပ်စုဒုတိယနဲ့ ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့ပါတယ်။

ချီလီဘက်သို့ ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေသည့် စပိန်ကစားသမားများ မြူးထူးပျော်ရွှင်နေကြပုံကို တွေ့ရစဉ်။

အောင်ပွဲရ မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအသင်းအား ဂုဏ်ပြု

ရန်ကုန် ဇွန် ၂၆

၂၀၁၀ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပပြီးစီးခဲ့သည့် Mercedes Trophy Junior Golf Masters, Pattaya ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ဂုဏ်ထူးဆောင်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအသင်းအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးမင်းသိန်း၊ ဦးအောင်ကြည်နှင့် ဦးဇော်မင်း၊ အဖွဲ့ချုပ် လက်ရွေးစင်နည်းပြချုပ်များဖြစ်ကြသော ဦးကိုကိုလေးနှင့် ဦးချန်းဟန်၊ အမှုဆောင်များ၊ Air Bagan မှ တာဝန်ရှိသူများ၊ ဆုရအားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇက အမျိုးသားအသက်(၂၁)နှစ်အောက်ပြိုင်ပွဲ Mercedes Trophy Junior Golf Masters Championship တွင် ချန်ပီယံ ပထမဆုရရှိသူ မြန်မာ့လက်ရွေးစင်လူငယ်ဂေါက်သီးအားကစားသမား နေဗလဝင်းမြင့်အား အမေရိကန်ဒေါ်လာ ၃၀၀၀ တန်ဖိုးနှင့်ညီမျှသော ဂေါက်သီးရိုက်ပစ္စည်းတစ်စုံနှင့် 27th Men & 19th Ladies Amateur Open Golf Championship 2010 ပြိုင်ပွဲနှင့် Mercedes Trophy Junior Golf Masters, Pattaya ပြိုင်ပွဲတွင် ချန်ပီယံ ပထမဆုရရှိသူ မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအားကစားမယ် မယဉ်မေမျိုးအား အမေရိကန် ဒေါ်လာ ၅၀၀၀ နှင့် ညီမျှသော ဂေါက်သီးရိုက်ပစ္စည်း တစ်စုံတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ ၂၀၁၀ ခုနှစ် 27th Men & 19th Ladies Amateur Open Golf Championship 2010 ပြိုင်ပွဲနှင့် Mercedes Trophy Junior Golf Masters, Pattaya ပြိုင်ပွဲတို့တွင် ချန်ပီယံ ပထမဆုရရှိသည့် မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီး အားကစားမယ် မယဉ်မေမျိုးအား ဆုချီးမြှင့်စဉ်။ (အား/ကာ)

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲဆက် ရန်ကုန်ယူနိုက်တက်နှင့်ဆောက်သမ်းတို့နိုင်

ရန်ကုန် ဇွန် ၂၆

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီက ဆက်လက်ကျင်းပရာ အောင်ဆန်းကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းက ဇွဲကပင်ယူနိုက်တက်အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ သုဝဏ္ဏကွင်း၌ ဆောက်သမ်းမြန်မာအသင်းက မနောမြေအသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိကြသည်။

(အောင်ဆန်းကွင်း)

ရန်ကုန်ယူနိုက်တက် - ခြောက်ဂိုး

[ကောင်းစည်သူ-နှစ်ဂိုး၊ (တစ်ဂိုး-ပယ်နယ်တီ)၊ လွင်ကိုနိုင်-နှစ်ဂိုး၊ ဇင်မင်းဦးနှင့် ဇော်မျိုးထွန်း တစ်ဂိုးစီ]

ဇွဲကပင်ယူနိုက်တက် - နှစ်ဂိုး

(ပြည့်စုံအောင်နှင့်အောင်အောင်ဟိန်း တစ်ဂိုးစီ)

ပထမပိုင်းတွင် နှစ်ဂိုးစီသရေကျနေခဲ့သော်လည်း ဒုတိယပိုင်းပြီးခါနီးမိနစ် ၂၀ကျော်အတွင်း လေးဂိုးဆက်တိုက်သွင်းယူပြီး အနိုင်ရရှိခဲ့သည်။ ဒုတိယပိုင်းတွင် လူစားလဲပြီး အနိုင်ရရှိရန် ကြိုးစားခဲ့ရာမှ ယခုလိုဂိုးများသွင်းယူပြီး ပြတ်ပြတ်သားသား အနိုင်စတင်ရရှိခဲ့သည်။ ဇွဲကပင်ယူနိုက်တက်မှာ ဒုတိယပိုင်းအစအထိ အကြိတ်အနယ်ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးများသွင်းနိုင်ခဲ့သော်လည်းတစ်ဖက်အသင်း၏ တရစပ်ထိုးဖောက်မှုကို မထိန်းနိုင်တော့ဘဲ ဂိုးများပေးခဲ့ရပြီး ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းအစတွင် နှစ်သင်းစလုံး ကစားပုံမကောင်းဘဲ ပွဲကကြည့်မကောင်းဖြစ်နေသည်။ ပွဲကစားချိန်ကြာလာသည်နှင့် နှစ်သင်းစလုံး ကစားပုံအရှိန်ရလာပြီး ပွဲက အကြိတ်အနယ်ရှိလာခဲ့သည်။ ဂိုးသွင်းခွင့်များရရှိလာပြီး ဘားထိထွက်မှုများ၊ အဆုံးသတ်မသေချာမှုတို့ကြောင့် ဂိုးမရရှိကြပေ။ ၃၃ မိနစ်တွင် ရန်ကုန်ယူနိုက်တက်မှ သက်လွင်ဝင်းအား ဇွဲကပင်နောက်တန်း ဖျက်ထုတ်ရာမှ ပယ်နယ်တီရရှိခဲ့ရာ ကောင်းစည်သူက အမှားအယွင်းမရှိ ကန်သွင်းနိုင်ခဲ့၍ ပထမဂိုးစတင်ရရှိခဲ့သည်။ သို့သော် ဇွဲကပင်ယူနိုက်တက်က ၃၇ မိနစ်တွင် ပြည့်စုံအောင်က ချေပဂိုး၊ ၄၃ မိနစ်တွင် အောင်အောင်ဟိန်းက ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ပထမပိုင်းပြီးခါနီး နာကျင်အချိန်ပိုတွင် ရန်ကုန်ယူနိုက်တက်မှ လွင်ကိုကိုနိုင်က ဂိုးသမားကိုလိမ်ပြီး ချေပဂိုးသွင်းနိုင်ခဲ့သဖြင့် နှစ်ဂိုးစီဖြင့် ပထမပိုင်းသရေကျခဲ့သည်။ ဒုတိယပိုင်းတွင် အနိုင်ဂိုးရရှိရန် နှစ်သင်းစလုံး ကြိုးစားကြသော်လည်း ရန်ကုန်ယူနိုက်တက်အသင်းက ပိုမိုအခွင့် အရေးများရရှိခဲ့သည်။ ပယ်နယ်တီရရှိရန် အခွင့်အရေးများရရှိသော်လည်း မရရှိခဲ့ပေ။ ၆၈ မိနစ်တွင် ကောင်းစည်သူက တတိယဂိုး၊ ၇၂ မိနစ်တွင် ဇင်မင်းဦးက စတုတ္ထဂိုး၊ ၇၄ မိနစ်တွင် လွင်ကိုကိုနိုင်က ပဉ္စမဂိုး၊ ၈၉ မိနစ်တွင် ဇော်မျိုးထွန်းက ခေါင်းတိုက်၍ ဆဋ္ဌမမြောက်ဂိုးကို သွင်းယူနိုင်ကြ၍ ယခုလို ပြတ်ပြတ်သားသား နိုင်ပွဲရရှိခဲ့သည်။

သုဝဏ္ဏကွင်း

ဆောက်သမ်းမြန်မာ - သုံးဂိုး

(ရန်နိုင်ထွေး-နှစ်ဂိုး၊ ကျော်ဇင်ဝင်း-တစ်ဂိုး)

မနောမြေ - တစ်ဂိုး

(အောင်ဇော်လင်း)

ယနေ့ပွဲ (သုဝဏ္ဏကွင်း)

ကမ္ဘောဇနှင့်ဒဲလ်တာယူနိုက်တက်

(ကြေးမုံ)

ရန်ကုန်ယူနိုက်တက်နှင့် ဇွဲကပင်ယူနိုက်တက်တို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။

(၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၆

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၀ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ ရှေးဦးစွာ ၂၀၀၉ခုနှစ် (၁၄)ကြိမ်မြောက် ကရာတေးဒိုပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့ကြသော မန္တလေးတိုင်း အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသားအသင်းတို့က တံခွန်စိုက် ဒိုင်းဆုကြီးများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပြန်လည်အပ်နှံကြသည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်း (၁၃)သင်းတို့အား (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းတို့သို့ ကျောင်းရန်ပုံငွေအဖြစ် အလှူငွေများကို ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ခံဆရာမများက လက်ခံကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ လူငယ်အားကစားသမားများက ကရာတေးဒို နည်းစနစ်များကို သရုပ်ပြသကြပြီး ပထမနေ့ ပွဲစဉ်များကို စတင်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေမြောင်းများပိတ်ဆို့ ကြွက် ခြင် ယင်ပေါများ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းမြောက်ရပ်ကွက် မင်္ဂလာလမ်းနှင့် စမ်းရေတွင်း လမ်းကြားရှိ နေအိမ်အချို့သည် နောက်ဖေးလမ်းကြား ရေမြောင်းများကို ပိတ်ဆို့ တိုးချဲ့ထားပါသဖြင့် အမှိုက်များ၊ အညစ်အကြေးများ စုပုံပြီး ရေစီးရေလာမကောင်းသောကြောင့် ရေဆိုး ရေညစ်များ မြေညီထပ်အိမ်ခန်းများသို့ ဝင်ရောက်နေပါသည်။

ခြင်၊ ယင်နှင့် ကြွက်များ ပေါက်ပွားပြီး ကျန်းမာရေးထိခိုက်စေပါသဖြင့် ရေစီးရေလာကောင်းမွန်ရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ဘိလပ်မြေမှုန့်ပျံ့လွင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)ပြည်ထောင်စုလမ်းမကြီးပေါ် လှော်ကားလမ်းထိပ်တွင် ဘိလပ်မြေအရောင်းအဝယ်လုပ်ကိုင်လျက်ရှိရာ ဘိလပ်မြေအမှုန့်များ ပျံ့လွင့်နေပါသဖြင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်စေသည့်အပြင် လေထုသန့်ရှင်းမှုမရှိပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

ကျန်းမာသန့်ရှင်းလိုသူ

၂၅၈ ယာဉ်လိုင်း ကားစီးရေတိုးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဆူးလေ-ကျောက်တန်း ပြေးဆွဲလျက်ရှိသော ၂၅၈ အထူးယာဉ်လိုင်းတွင် ခုနစ်စီးရှိသည့်အနက် ငါးစီးမှာ ကြိုပို့ပြေးဆွဲနေသောကြောင့် ခရီးသွားများ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာရေးခက်ခဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ သွားလာမှုအဆင်ပြေစေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်များ

လမ်းမပေါ်ဈေးရောင်း ရေမြောင်းများပိတ်ဆို့

စာတည်းခင်ဗျား-

ပဲခူးတိုင်း တောင်ငူမြို့ (၁၉) ရပ်ကွက် ရိပ်သာလမ်းတစ်လျှောက်မှ သုခလမ်းဆုံအထိ ကတ္တရာလမ်းမပေါ်တွင် စည်းကမ်းမဲ့ ဈေးရောင်းချနေကြရာ လမ်းပိတ်ဆို့ပြီး လူအသွားအလာများချိန်၌ ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပေါ်နေပါသည်။ စွန့်ပစ်ပစ္စည်းများကြောင့် ရေမြောင်းများလည်း ပိတ်ဆို့နေသဖြင့် ကတ္တရာလမ်းမကြီးပေါ်၌ ရွံ့ဗွက်များ ဖြစ်လျက်ရှိရာ ခရီးသွားများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ ကတ္တရာလမ်းမပေါ်တွင် ဈေးရောင်းချနေခြင်းနှင့် ရေမြောင်းများ ပိတ်ဆို့ခြင်းတို့ကို စိစစ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

ခရီးသွားများ

ကားကြီးများ ဝင်ထွက်လမ်းပျက်

စာတည်းခင်ဗျား-

ဖျာပုံမြို့ (၁၄)ရပ်ကွက် ပြည်သူများ စုပေါင်း၍ ခင်းထားသော အောင်သပြေလမ်း ကတ္တရာလမ်းမကြီးမှာ ကားကြီးများ ဝင်ထွက်သွားလာ နေမှုကြောင့် ပျက်စီးလျက်ရှိရာ ခရီးသွားများ သွားရေးလာရေး ခက်ခဲနေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(၁၄)ရပ်ကွက်သား

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ပြည်သူ့ထံမှ ပေးစာများ

ဈေးလယ်ကောင် လောင်းကစားမှု စိစစ်ပေးပါ

စာတည်းခင်ဗျား-

ပဲခူးတိုင်း ကဝမြို့နယ် သကလစံပြကျေးရွာ ဈေးလယ်ကောင်တွင် လောင်းကစားလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိရာ အများပြည်သူ စီးပွားရေး၊ လူမှုရေးထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရွာသူ၊ ရွာသားများ

သားသတ်လုပ်ငန်း အနံ့ဆိုးနံ့

စာတည်းခင်ဗျား-

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် နန်းတော်ကုန်းနယ်မြေ သာယာကုန်း (၂)ရပ်ကွက် ခရိုင်(စိုက်ပျိုး/မွေးမြူ)ရေးခြံအနီးတွင် သားသတ်လုပ်ငန်း (ကြက်/ဆိတ်)လုပ်ကိုင်လျက်ရှိရာ အဆိုပါလုပ်ငန်းမှ အနံ့အသက်ဆိုးများကြောင့် ကလေးသူငယ်များ၊ ပတ်ဝန်းကျင်နေထိုင်သူများ၊ လမ်းသွားလမ်းလာများ ကျန်းမာရေး ထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

မီးခိုးငွေ့များပျံ့နှံ့မှု ရှင်းလင်းပြီးစီး

၅-၄-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တိုက်ကြီးမြို့ ရှမ်းစု (၂)လမ်းမှ **မီးခိုးငွေ့များပျံ့နှံ့နေ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

အမှိုက်ပုံအနံ့ဆိုး ရှင်းလင်းပြီးစီး

၁၃-၆-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ရမည်းသင်းမြို့ မြို့မဈေးကြီးမှ **အမှိုက်ပုံအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်**ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်းဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

သံလွင် Aluminium အရောင်းစင်တာပြောင်းရွှေ့ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အထူးအစီအစဉ်
5%Discount
10%Discount
25%Discount
ထပ်မံခံစားခွင့်ရရှိပါမည်။

Special Item များအတွက်
50% Discount
Showroom အမှတ် SHB ၄ ၊ အခန်း(၁)၊ ...

M.A. (English), Dip.ELTM
English is a Must For everyone
Must
is a Must for the learners of English.
* M.Med.Sc Entrance For Doctors
* IELTS, * Four Skills With Grammar Review
* Weekend English Courses for Children
Must ENGLISH LANGUAGE CENTRE
Ph: 09 504 3424, 09 99 20150 , (01) 503655

NIBBAN®
TV ANTENNA

Super VHF ANTENNA
NEW
All in ONE ANTENNA
NEW

ဆိမ် ရောင်း မည်
105' x 85'
☎- ၅၂၃၀၄၇

သင့်သွေးဖြင့် အသက်ကယ်ပါ

ဆွေမြန်မာ
Ph:09-504 5335

နိုင်ငံတော်အစိုးရဗျာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၁၀ ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၇-၆-၂၀၁၀)ရက်နေ့
၂၀၁၀ ခုနှစ် ဇူလိုင်လအတွက်
(၁၁-၇-၂၀၁၀)ရက်နေ့
နှင့်
(၂၅-၇-၂၀၁၀)ရက်နေ့

(၁၉)ကြိမ်မြောက် ကိုရီးယားဘာသာ ကျွမ်းကျင်မှုစာမေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၆

ကိုရီးယားသမ္မတနိုင်ငံ သံရုံးက ကြီးမှူး၍ (၁၉)ကြိမ်မြောက် ကိုရီးယားဘာသာ ကျွမ်းကျင်မှု Test of Proficiency in Korean (TOPIK) စာမေးပွဲများကို စက်တင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ရန်ကုန်နှင့် မန္တလေး မြို့များ၌ တစ်ပြိုင်တည်း ကျင်းပမည် ဖြစ်သည်။

ရန်ကုန်မြို့တွင် Myanmar Info - Tech နှင့် မန္တလေးမြို့တွင် Swan Hotel တို့၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ စာမေးပွဲကို Basic (Level 1,2)၊ Intermediate (Level 3,4) နှင့် Advanced Level (5,6) အဆင့် (၃)ဆင့် ခွဲခြားသတ်မှတ်ထားသည်။

စာမေးပွဲတိုင်းတွင် Vocabulary Test၊ Grammar & Writing Test နှင့် Listening & Reading Test တို့ ပါဝင်မည် ဖြစ်သည်။

လျှောက်လွှာပုံစံများကို ဇွန် ၃၀ ရက်မှ စတင်၍ ကိုရီးယားသမ္မတနိုင်ငံသံရုံး အမှတ် (၉၇) တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နှင့် မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်တို့တွင် ရယူပြီး ဇူလိုင် ၁၄ ရက်ထက် နောက်မကျစေဘဲ တင်ပြရမည် ဖြစ်သည်။ စုံစမ်းမေးမြန်းလိုပါက ကိုရီးယားသမ္မတနိုင်ငံသံရုံး ဖုန်း- ၅၂၇၁၄၂ မှ ၅၂၇၁၄၄ အထိသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ သယ်န်းကျွန်းမြို့နယ်၊ ၉/တောင်ရပ်ကွက်၊ ဝေဇယန္တာအိမ်ရာ၊ တိုက်(၂)၊ အခန်း(၃၁၄)၊ အကျယ်အဝန်း(၂၂'×၃၀') တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသည့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို (၁)ဒေါ်ကေခိုင်ဦး[၁၂/ဥကတ(နိုင်)၁၃၇၈၆၅]၊(၂) ဒေါ်မေမိုးလှိုင်[၁၂/ဥကတ(နိုင်)၁၃၇၈၆၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကိစ္စရပ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမျိုးညွန့်ဝင်း ဦးလှခိုင် ဒေါ်ခင်အေးသန်း ဒေါ်မေသူလှိုင်
တရားရုံးချုပ်ရှေ့နေ စဉ်-၇၁၁၉ အထက်တန်းရှေ့နေများ
အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၀၉-၅၀ ၂၆၈၄၆

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၂၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်တပ်ကုန်းတွင် သုည ဒသမ ၁၂ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၀၅ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ပလက်ဝမြို့တွင် ၂ ဒသမ ၇၂လက်မနှင့် သံတောင်ကြီးမြို့တွင် ၂ ဒသမ ၆၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ယနေ့မြန်မာစံတော်ချိန် ၅း၃၀နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇွန် ၂၇ ရက် ညနေထိခန့်မှန်းချက် ။ ။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ အများအားဖြင့် မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်) ၈၉ ဒီဂရီဖာရင်ဟိုက်		၂၅-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်) ၇၈ ဒီဂရီဖာရင်ဟိုက်		၂၆-၆-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း		၂၆-၆-၂၀၁၀
နေပူသည့်နာရီပေါင်း	မရှိပါ	၂၅-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၆-၆-၂၀၁၀	၁၈ မမ (သုည ဒသမ ၇၁လက်မ)	၂၀ မမ (သုည ဒသမ ၇၈ လက်မ)	၃၇ မမ (၁ ဒသမ ၄၅ လက်မ)
၁-၁-၂၀၁၀ မှ ယနေ့အထိ	၇၀၇ မမ (၂၇ ဒသမ ၈၃ လက်မ)	၈၀၂မမ (၃၁ ဒသမ ၅၇ လက်မ)	၈၅၀မမ (၃၃ ဒသမ ၄၆ လက်မ)

ခြေလျင်နှင့် တောင်တက်အသင်း ရွှေရတုနှင့် မိတ်ဆုံဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၆

၁၉၆၀ ပြည့် ဇန်နဝါရီ ၅ ရက်က စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် နှစ်(၅၀) ပြည့် ရွှေရတုနှင့် ၁၉၆၀-၆၁ ပညာသင်နှစ်က စတင်ဖွဲ့စည်းခဲ့သော ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း ရွှေရတုကို ဂုဏ်ပြုလျက် တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းက ကြီးမှူးကျင်းပမည့် (၁၅) ကြိမ်မြောက် ကျောင်းသားဟောင်း မျိုးဆက်သစ် မိတ်ဆုံပွဲ၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်း ခရီးစဉ်တို့တွင် ပါဝင်ခဲ့သူများနှင့် နာဂစ်ဒေသ ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး လုပ်ငန်းများတွင် ပါဝင်ကူညီခဲ့သူများအား ဂုဏ်ပြုပွဲကို ဇွန် ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပမည်ဖြစ်သည်။ တောင်တက်အဖွဲ့ဝင် မိသားစုဟောင်း/သစ် အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ဒုတိယပိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့မှု မြေကြီးလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံတပ်နယ်၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးပင်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဇွန် ၂၆

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မုန်တိုင်းမိ၍ သမုဒ္ဒရာအတွင်း မျောနေသော ရွက်သင်္ဘောပေါ်မှ ဗြိတိန်နိုင်ငံသား လေးဦးအား မြန်မာကပ္ပတိန် ဦးဆောင်သည့် သင်္ဘောသားအဖွဲ့က အခက်အခဲများကြားမှ စွန့်စားကယ်တင်နိုင်

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း မုန်တိုင်းမိ၍ သမုဒ္ဒရာအတွင်း မျောလွင့်နေသော UK Yacht Octagon အပျော်စီး ရွက်သင်္ဘောပေါ်မှ ဗြိတိန်နိုင်ငံသား လေးဦးအား ဇွန် ၁၀ ရက်(ကြာသပတေးနေ့)နံနက် ၄ နာရီဝန်းကျင်တွင် မြန်မာနိုင်ငံသား သင်္ဘောကပ္ပတိန် ဦးဆောင်သည့် သင်္ဘောသားအဖွဲ့က ရာသီဥတုဆိုးရွားနေချိန် အခက်အခဲများကြားမှပင် သက်စွန့်ဆံဖျားကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

“ဒီလိုကယ်တင်နိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့ မြန်မာသင်္ဘောသား ကပ္ပတိန်ဦးဇော်အောင်ကို ဂုဏ်ယူချီးကျူးမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပင်လယ်ထဲမှာ ကယ်တင်ရတာဖြစ်ပြီး အဲဒီရွက်သင်္ဘောက မုန်တိုင်းဒဏ်ကြောင့်

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❍

သတင်းဆောင်းပါး - ရဲဝင်းဆောင်
ဓာတ်ပုံ - MOSA
အဆင်အပြင် - ခင်မျိုးနိုင်

မြန်မာသင်္ဘောကပ္ပတိန်နှင့် သင်္ဘောသားများ သက်စွန့်ဆံဖျားကယ်တင်ခဲ့သည့် ဗြိတိန်နိုင်ငံသား လေးဦးနှင့်အတူ။